ခန္တီ စ တောံ မင်္ဂလ မုတ္တမံ၊ သည်းခံခြင်းသည် မြတ်သောမင်္ဂလာမည်၏။

# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇွန် ၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၅၀)

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**
* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**
* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# သဘာဝဘေးအန္တရာယ်လျော့နည်းပပျောက်စေရေးနိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူဝိုင်းဝန်းကူညီ ကျေးလက်ဒေသဖွံ့ဖြိုးရေးကျေးလက်အရောက်သွား၍တစ်ဆက်တစ်စပ်တည်းအကောင်အထည်ဖော်

**ရန်ကုန် ဇွန် ၈**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၇ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှလေကြောင်းခရီးဖြင့်ထွက်ခွာကြရာ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ နံနက် ၁၁ နာရီတွင် ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ စာမျက်နှာ ၈ ကော်လံ ၁ ✡

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၇ရက်က ရခိုင်ပြည်နယ် ပေါက်တောမြို့ လေပြင်းတိုက်ခတ်မှုဒဏ်ခံရသော အခြေခံပညာအထက်တန်းကျောင်း ကွန်ပျူတာခန်းနှင့် စာသင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

**အစိုးရ နည်းပညာကောလိပ် (စစ်တွေ)**

**ရခိုင်ပြည်နယ် စစ်တွေမြို့၌ တည်ဆောက်နေသော အစိုးရနည်းပညာကောလိပ် (စစ်တွေ)၏ ပင်မဆောင် (သုံးထပ်ဆောင်) တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။**
(သတင်းစဉ်)

# အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များစာတမ်းဖတ်ကြား သဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းဆွေးနွေးပွဲများဆက်လက်ကျင်းပ

**ရန်ကုန် ဇွန် ၈**

အမျိုးသားညီလာခံအစုအဖွဲ့များဖြစ်ကြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့တို့၏ စာတမ်း ဖတ်ကြားခြင်းနှင့် သဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းဆွေးနွေးပွဲများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသည့် ဆွေးနွေးပွဲခန်းမများ၌ကျင်းပရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။ စာမျက်နှာ ၆ ကော်လံ ၁ ✻

**အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇွန်လ ၉ ရက်)

# အမျိုးသားပညာရေးစီမံကိန်းများ အောင်မြင်ဖြစ်ထွန်းရေး အမျိုးသားရေးအမြင်နှင့် ယှဉ်တွဲကြိုးပမ်းဆောင်ရွက်

ယနေ့ကမ္ဘာ၏ ဖြစ်ပေါ်ပြောင်းလဲနေသည့် အခြေအနေအချိန်အခါမျိုး၌ မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ရပ်တည်နိုင်ရေးအတွက် အမျိုးသားရေးသတိနှင့် နိုင်ငံတကာအခြေအနေကို လေ့လာ သုံးသပ်ပြီး လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများကို ကြိုတင်ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏ အနာဂတ်ကို အမျိုးသားရေးစွမ်းအားများဖြစ်သည့် နိုင်ငံတကာအဆင့်မီသော သိပ္ပံနှင့်နည်းပညာရပ်များ ထွန်းကားပြန့်ပွားစေရေး၊ အမျိုးသားစီးပွားရေး ခိုင်မာတောင့်တင်းစေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ခေတ်မီနည်းပညာများ တတ်ကျွမ်းသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ရေးနှင့် မိမိတို့၏ အမျိုးသားရေး စရိုက်လက္ခဏာ၊ ရိုးရာယဉ်ကျေးမှုနှင့် လူမှုရေးနှုန်းစံများ ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရေးတို့ကို နိုင်ငံတော်အစိုးရက စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့ ပညာရေးကဏ္ဍတွင် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပညာရေးမြှင့်တင်မှု အစီအစဉ်များ၊ အမျိုးသားပညာရည်မြှင့်မားရေး အထူးလေးနှစ်စီမံကိန်းနှင့် နှစ်ရှည်အမျိုးသား ပညာရေး စီမံကိန်းများသည် ယင်းအမျိုးသားရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်စေရန် တစ်ဆင့်ချင်း တစ်ဆင့်ချင်း မြှင့်တင်ဆောင်ရွက်နေသည့် အမျိုးသားပညာရေးစနစ် ပြုပြင်ပြောင်းလဲမှုမဟာဗျူဟာ ပင်မစီမံကိန်းကြီး၏ အစိတ်အပိုင်းများဖြစ်ပေသည်။

အမျိုးသားပညာရေးစနစ် ပြုပြင်ပြောင်းလဲမှုအစီအမံများတွင် အမျိုးသားရေး မျှော်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် ဖြစ်ထွန်းလာရေးကို ထိထိရောက်ရောက် ဖော်ဆောင်ပေးနိုင်မည့် ပညာရေးစနစ်ပေါ်ထွန်းလာရေး မျှော်မှန်းချက်သည် ရုပ်လုံးပေါ်စပြုနေပြီဖြစ်သည်။

ယနေ့ဆိုလျှင် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍဆက်စပ်ပြီး သင်ရိုးညွှန်းတမ်း အဆင့်မြှင့်တင်မှုများ၊ ခေတ်မီဓာတ်ခွဲခန်းများ၊ သိပ္ပံလက်တွေ့ခန်းများ၊ ခေတ်မီစာကြည့်တိုက်များ ထူထောင်ပေးမှုများ၊ သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာအခြေပြုသည့် Learning Centre နှင့် Resource Centre များ ထူထောင်ပေးနိုင်ခဲ့၍ e-Education စနစ် စတင်ဖြစ်ထွန်းနေပြီဖြစ်သည်။

ယခုအခါ အမျိုးသားပညာရေးစီမံကိန်းအဆင့်ဆင့်၏ မျှော်မှန်းချက်များဖြစ်သည့် အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင် မွေးထုတ်ပေးရေး၊ ကျောင်းတွင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးပေါင်းစပ်ပြီး တစ်မျိုးသားလုံးပညာရည်မြင့်မားစေရန် ကြိုးပမ်းဆောင်ရွက်ရေးနှင့် စဉ်ဆက်မပြတ် သင်ယူနေသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီး ဖြစ်ထွန်းလာရေးစသည့် မျှော်မှန်းချက်များ ဟန်ချက်ညီညီ အောင်မြင်အကောင်အထည်ပေါ်လာစေရေးအတွက် ဆရာဆရာမများအားလုံးက အမျိုးသားရေးအသိနှင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပေသည်။

ယနေ့နိုင်ငံတကာ၌ ပညာရေးသည် ဖွံ့ဖြိုးတိုးတက်မှုအားလုံး၏ အဓိကမဏ္ဍိုင်ဖြစ်လာနေသည့် အချိန်အခါတွင် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို နိုင်ငံသူ နိုင်ငံသားများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအဆင့်အတန်းတို့နှင့် တိုင်းတာသည့် ခေတ်ကာလကို ရောက်ရှိလာပြီဖြစ်သည့်အတွက် ပညာရေးသည် နိုင်ငံတော်နှင့် လူမျိုး၏ ဂုဏ်သိက္ခာအဆင့်အတန်းကို ဖော်ညွှန်းပြဆိုနိုင်သည့် ဂုဏ်ဒြပ် တစ်ခုဟု ဆိုရပေမည်။

သို့ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေး၊ နိုင်ငံတော်၏ ဓနအင်အားခိုင်မာတောင့်တင်းရေးနှင့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်ရေးတို့အတွက် ခေတ်မီသိပ္ပံနှင့် နည်းပညာများ ထွန်းကားပြန့်ပွားရေး၊ ထူးချွန်ထက်မြက်သည့် နိုင်ငံတကာအဆင့်မီ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာရေးတို့ကို ဖော်ဆောင်ပေးမည့် အမျိုးသားပညာရေး စီမံကိန်းများ မျှော်မှန်းချက်အတိုင်း အောင်မြင်ဖြစ်ထွန်းလာစေရေး အမျိုးသားရေးအမြင်နှင့် ယှဉ်တွဲကာ ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

၉-၆-၂၀၀၄

(ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မျိုးချစ်တပ်မတော်
၄:၄၀ ၇။ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင်
၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Short Stories (The Stolen Letter) (အင်္ဂလိပ်စာအထူးပြု- ဒုတိယနှစ်)
၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဉာဏ်ကျယ်လေး"** (အပိုင်း-၂၉)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင်၊ နှစ်မြွာအသည်း မိုက်ခဲညီနောင်"** (အပိုင်း-၃)

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**ဇွန် ၆ ရက်က ဘုရားဖြူကျောင်းတိုက် သုံးထပ်ကျောင်းတော်ကြီး တည်ဆောက်ရန်အတွက် မိဘများ ဖြစ်ကြသော ဦးစန်းလှိုင်-ဒေါ်ထွေး အမွှေးထား၍ သားမောင်ကျော်ညွန့်က ငွေကျပ် ၆၀၀၀၀ တန်တစ်ခန်း အတွက် လှူဒါန်းရာ နိုင်ငံတော်သြဝါဒါစရိယအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇအဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နရိန္ဒာဘိဝံသ-အာရာမိဿရ ဆရာတော်ကြီးက ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။** (က-ပ)

## ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊ အမှတ်(၄)ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဇွန် ၈**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ပညာရေးဌာနမှ ထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ် အတွဲ (၃)၊ အမှတ်(၄)ကို ထုတ်ဝေဖြန့်ချိထားသည်။ **(ယာပုံ)**

အဆိုပါ ဂျာနယ်တွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အဖွင့်မိန့်ခွန်း ပြောကြားသည့် သတင်း၊ မောင်ဆုရှင်၏ တည်ဆောက်ခြင်းနှင့် ဆောက်တည်ခြင်း၊ တက္ကသိုလ်မြတ်သူ၏ အဘယ့်ကြောင့် လူငယ်၊ စန်းနီလာဝင်း၏ ဖြစ်ချင်တာရယ်၊ ဖြစ်နိုင်တာရယ်၊ ဖြစ်သင့်တာရယ်၊ ချစ်နိုင် (စိတ်ပညာ)၏ မိုင်းတုံ၊ မိုင်းဆတ်-တာလေ-ကျိုင်းလပ် ခရီးတစ်ခေါက်၊ အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)၏ ရာမည၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ ရွှေဘူး မင်းဇေယျာ၊ ဆင်ဖြူကျွန်းမြင့်သိန်း၊ သိပ္ပံစိုးမြင့်နိုင်၊ မောင်မောင်စိုးသက်၊ အောင်ဇေယျ(နည်းပညာတက္ကသိုလ်)၊ မင်းသွေးနွယ်၏ အောင်လံလွှင့်လျက် ကမ္ပည်းဆင့်လျက် ကဗျာ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဒေသ ဖွံ့ဖြိုးရေး အကောင်အထည်ဖော်မှုသတင်းများ၊ နိုင်ငံတကာဖြစ်ရပ်များ စုံလင်စွာ ဖော်ပြပါရှိသည်။

(က-ပ)

**ဇွန်၅ရက်က ဗဟန်းမြို့နယ် ဆရာစံ(စံပြ)ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် နယ်လှည့် စာဖတ်ခန်း၊ နံရံကပ် စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးဒေါ်ခင်ငွေးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးစောဘော်နေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**

(မြို့နယ် ပြန်/ဆက်)

**ဇွန် ၆ ရက်က အလက(၁) လသာကျောင်းခန်းမ၌ကျင်းပသော အမှတ်(၅)ရပ်ကွက် ရွှေလသာ ရောင်းဝယ်ရေး သမဝါယမအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးတွင် ရပ်ကွက်တွင်းရှိ ကျောင်းအပ်နှံ ရေးတွင် အခက်အခဲရှိသော ကလေးနှစ်ဦး အတွက် ပညာသင်စရိတ်ကို အသင်းဥက္ကဋ္ဌ ဒေါ်အေးနွဲ့က အမှတ် (၅)ရပ်ကွက် ဥက္ကဋ္ဌ ဦးမျိုးအောင်သို့ ပေးအပ်စဉ်။**

(၅၉)

## လှူဒါန်းငွေများ လက်ခံ

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဇွန် ၇ ရက်က ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့် မြို့နယ်များသို့ ဒုတိယအကြိမ် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားတွင် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)**

■ *ကျော်ဖုံးမှ*

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်၊မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရန်ကုန်မှ လိုက်ပါလာကြသည့် အလှူရှင်များ၊ NGO အဖွဲ့အစည်းကိုယ်စားလှယ်များ တက်ရောက်ကြသည်။

### ရှင်းလင်းတင်ပြ

ရှေးဦးစွာရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မောင်ဦးက မေ ၁၉ရက်တွင် တိုက်ခတ်ခဲ့သောလေပြင်းဒဏ်ကြောင့် ရခိုင်ပြည်နယ်စစ်တွေ၊ ပေါက်တော၊ မြေပုံနှင့်ကျောက်ဖြူမြို့နယ်များ၌ လူနေအိမ်ပျက်စီးဆုံးရှုံးမှု၊ ဌာနဆိုင်ရာနှင့် ဘာသာရေး အဆောက်အအုံများပျက်စီးမှု၊ အခြေခံပညာကျောင်းများ၊ ဆည်မြောင်းဦးစီးဌာနပိုင် တာတမံများပျက်စီးမှု၊ လယ်သမားတာများနှင့် ပုစွန်ကန်များ ပျက်စီး ဆုံးရှုံးမှု၊ စက်လှေ၊ လက်လှေများ နစ်မြုပ်မှု၊ လူသေဆုံးမှုအခြေအနေ၊ တိရစ္ဆာန်များသေဆုံးမှုအခြေအနေ၊ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကယ်ဆယ်ရေးလုပ်ငန်းများကွင်းဆင်းဆောင်ရွက်မှု၊ ဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနအကြီးအကဲများ၏ ကယ်ဆယ်ရေးလုပ်ငန်းများကွင်းဆင်းဆောင်ရွက်မှု၊ လေပြင်းဒဏ်ခံဒေသတစ်ခုလုံးအတွက် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်မှုအခြေအနေ၊ ပြည်တွင်း လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ၊ စေတနာရှင်ပြည်သူများ၊ UN လက်အောက်ခံအဖွဲ့အစည်းများနှင့် NGOs အဖွဲ့များက ကယ်ဆယ်ရေးရန်ပုံငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့မှုအခြေအနေ၊ သောက်သုံးရေ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

### ပေးအပ်လှူဒါန်း

ထို့နောက် လေပြင်းဒဏ်သင့်သူများအတွက် အလှူငွေနှင့်ပစ္စည်းများပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်နှင့်အကျိုးတူ ပူးပေါင်း ဆောင်ရွက်လျက်ရှိသောကုမ္ပဏီများက ငွေကျပ်သိန်း ၄၅၀၊ ဦးမိုးကျော်သူ (ရွှေသံလွင်ကုမ္ပဏီ)က ငွေကျပ်သိန်း ၃၀၀၊ အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှု ကုမ္ပဏီအုပ်စုမှ ဦးတင့်ဆန်း (A.C.E. Construction) အဖွဲ့က ငွေကျပ်သိန်း ၁၀၀၊ ဦးစိန်သစ် (Trading) အဖွဲ့က ငွေကျပ်သိန်း ၁၀၀၊ ဦးဇော်ထွန်း (Industrial) အဖွဲ့က ငွေကျပ်သိန်း ၁၀၀၊ ဦးဇော်ဝင်း (Services) အဖွဲ့က ငွေကျပ်သိန်း ၁၀၀၊ ဦးအိုက်ထွန်း (အိုလံပစ်ဆောက်လုပ်ရေး)က ငွေကျပ်သိန်း ၁၀၀၊ ဦးအောင်ကိုဝင်း (ကမ္ဘောဇကုမ္ပဏီ)က ငွေကျပ်သိန်း ၁၀၀၊ ဦးမောင်ဝိတ် (မောင်ဝိတ်ကုမ္ပဏီ)က ငွေကျပ်သိန်း ၁၀၀၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာနက ငွေကျပ်သိန်း ၁၀၀၊ ဦးအောင်နိုင် (Asia Winner Industrial Ltd.)က ငွေကျပ်၇၅သိန်း၊ ဦးဌေးမြင့် (ယုဇနဆောက်လုပ်ရေး)က ငွေကျပ် ၇၅ သိန်း၊ ကပ္ပတိန် ကိုကိုထူး–ဒေါ်စန္ဒာအောင် မြန်မာ့စက်မှုဆိပ်ကမ်းက ငွေကျပ်သိန်း ၇၀၊ ဦးအောင်ဇော်ဝင်း (Shine Construction Co., Ltd.)က ငွေကျပ် ၆၅ သိန်း၊ ဒေါ်နန်းအေးမြင့် (နန်းဧကရီဆောက်လုပ်ရေး)က ငွေကျပ်သိန်း ၆၀၊ ဦးကျော်သိန်း–ဒေါ်စန်းမွေး မိသားစုအပါအဝင် အလှူရှင် ၁၀ ဦးက ငွေကျပ် ၁၀၀ဒသမ ၅သိန်း၊ ဦးမြင့်ဇော် (ပေလီဆောက်လုပ်ရေး)က ငွေကျပ်သိန်း ၅၀၊ ဦးချစ်ခိုင် (ဧဒင်ဆောက်လုပ်ရေး)က ငွေကျပ်သိန်း ၅၀၊ ဦးရန်ရှင်း ချစ်ကြည်ရေးက ငွေကျပ် သိန်း ၅၀၊ ဦးနေဝင်းထွန်း (ကျောက်စိမ်းနဂါး)က ငွေကျပ်သိန်း ၅၀၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်က ၇ ပေသွပ် အချပ်၁၀၀၀၀ (ငွေကျပ်သိန်း ၁၉၂ဒသမ၅သိန်း)နှင့် မြဝတီထရေးဒင်းနှင့် လုပ်ငန်းရှင်များက ခုနစ်ပေ သွပ်အချပ် ၁၀၀၀၀ (၁၉၂ ဒသမ ၅ သိန်း)၊ မြန်မာ (Rubby Enterprise) ကျောက်မျက်ရတနာလုပ်ငန်းကငွေကျပ် ၁၀သိန်း၊ ဗန္ဓုလ သယ်ယူပို့ဆောင်ရေးကုမ္ပဏီ လီမိတက်က ငွေကျပ် ၁၀ သိန်း၊ မြန်မာ Imperial Jade ကုမ္ပဏီလီမိတက်ကငွေကျပ် ငါးသိန်း၊ ဦးကျော်နိုင်ဦး၊ (Naing Group Construction Co.,Ltd.) က ငွေကျပ် သိန်း ၅၀၊ Mr.Nurul Islam (AL Sabah Textile Garments Marine Products Trading Co.)က အမေရိကန်ဒေါ်လာ ၅၀၀၀၊ ဦးရှိန်ဝင်း(တက်လမ်းဆောက်လုပ်ရေး)က ငွေကျပ် သိန်း ၅၀နှင့် စောင်အထည် ၅၀၀၊ ဦးရွှေကြိုင် (ဝါဝါဝင်းဆောက်လုပ်ရေး)ကငွေကျပ်သိန်း၅၀၊ ဦးတင့်ဆန်း(ACE ဆောက်လုပ်ရေး)က ငွေကျပ် သိန်း၅၀၊ ဦးအောင်ထွေး (Golden Flower ဆောက်လုပ်ရေး) ကငွေကျပ် သိန်း၅၀၊ ဒေါက်တာမိုးမြမြ(ဒဂုံအင်တာနေရှင်နယ် ကုမ္ပဏီ)က ငွေကျပ် သိန်း၅၀၊ ဦးမောင်မောင် (Asia Express ကုမ္ပဏီ)က ငွေကျပ် သိန်း၅၀၊ ဒေါက်တာဇော်ထွန်း (ရွှေကျားပျံဆောက်လုပ်ရေး)က ငွေကျပ်သိန်း ၅၀၊ ဦးဇော်ဝင်း (အရဏ်ဦးဆောက်လုပ်ရေး)က ငွေကျပ်သိန်း ၅၀၊ ဦးခင်မောင်အေး (KMAဆောက်လုပ်ရေး) က ငွေကျပ် သိန်း ၅၀၊ ဦးရန်ဝင်း (အေဝမ်းဆောက်လုပ်ရေး)က ငွေကျပ်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ဇွန် ၇ ရက်က ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့် မြို့နယ်များသို့ ဒုတိယအကြိမ် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားတွင် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)**

သိန်း ၅၀၊ ဦးမောင်မောင်တင် (Farmer Phoyazer) က ငွေကျပ် ၄၅ သိန်း၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်က ငွေကျပ်သိန်း ၄၀၊ ဦးလှဝင်း (Grand Wynn Enterprise Ltd.)က ငွေကျပ် ၃၇၅၀၀၀၀၊ ဦးအောင်ဇော်ရဲမြင့် (ရဲတံခွန်)က ငွေကျပ် ၃၅ သိန်း၊ ဦးမောင်မောင် (ရွှေကမ္ဘာမောင်မောင် ဆောက်လုပ်ရေး)က ငွေကျပ်သိန်း ၃၀၊ ဦးကျော်ကျော် (K.Y Kyaw Kyaw Trading Co., Ltd.)က ငွေကျပ် သိန်း ၃၀၊ ဦးလှအောင် (မဟာဘောဂဝတီကုမ္ပဏီလီမိတက်)က ငွေကျပ် သိန်း ၃၀၊ ဦးကျော်အေး (Golden Sun Moon Co., Ltd.)က ငွေကျပ် ၂၅ သိန်း၊ ဦးဇော်ဝင်း (Overseas Marine Engineering)က ငွေကျပ် ၂၅ သိန်း၊ ဦးဌေးဝင်း (Unigrade Int'l Co., Ltd.)က ငွေကျပ် ၂၅သိန်း၊ ဦးခင်မောင်အေး၊ ဦးဇော်ဇော်နိုင် (ရွှေပြည်သစ်ဆောက်လုပ်ရေး)က ငွေကျပ် ၂၅ သိန်း၊ ဦးကျော်သောင်း (Happy ဖျော်ရည်)က ငွေကျပ် ၂၁ သိန်း၊ ဦးကိုကိုထွေး(တော်ဝင်ဆောက်လုပ်ရေး)က ငွေကျပ်သိန်း ၂၀၊ ဦးကျော်ချစ်စိန်(ပန်းရိုးမကုမ္ပဏီလီမိတက်)က ငွေကျပ် သိန်း ၂၀၊ ဦးထွန်းမင်း(MTM Construction Group)က ငွေကျပ်သိန်း ၂၀၊ ဦးခင်မောင်ချို(Evershine Trading Co., Ltd.)က ငွေကျပ်သိန်း ၂၀၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်က ငွေကျပ်၁၀သိန်း၊ ဦးကျော်မင်း (Nile ဆောက်လုပ်ရေး)က ငွေကျပ် ၁၀သိန်း၊ ဦးစိန်ဝင်း (သီဟအောင် ကုမ္ပဏီလီမိတက်)က ငွေကျပ်၁၀သိန်း၊ ဦးတင်မြင့် (Mother Land Construction)က ငွေကျပ်၁၀သိန်း၊ ဦးဘခင်(ဂန္ဓာမာ ဆောက်လုပ်ရေး)က ငွေကျပ်၁၀သိန်း၊ ဦးမူတာမတ်အိဆုပ် (ရွှေမြန်မာ ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီလီမိတက်)က ငွေကျပ်၁၀သိန်း၊ ဦးသန်းဇော်ဦး (မင်္ဂလာသန်းမြင့်စက်မှုကုန်တိုက်)က ငွေကျပ်၁၀သိန်း၊ ဦးမောင်မောင်ကြီး(MMG Construction)က ငွေကျပ်၁၀သိန်း၊ ဦးမောင်မောင်တင်(Osman Enterprise Ltd.)က ငွေကျပ် ၁၀သိန်း၊ ဦးဇော်လတ် (Myanmar Indobest Co., Ltd.)က ငွေကျပ်၁၀သိန်း၊ ဦးမောင်မောင်ရွှေ(Gold Electronic Show Room)က ငွေကျပ်၁၀သိန်း၊ ဦးသန်းလွင် Citizen( Peninsula Enterprise Ltd.)က ငွေကျပ်၁၀ သိန်း၊ ဦးနူရုလ်အာမိန် (Shwe Myanmar Aung Export& Import Co., Ltd.)က ငွေကျပ်၁၀သိန်း၊ ဦးအဒူဟာလိမ်(Halims Brothers Co., Ltd.)က ငွေကျပ်၁၀သိန်း၊ ဦးစိုးမင်း(ခ)တော်ယူဘေဒိန်(JKY Co., Ltd.)က ငွေကျပ်၁၀သိန်း၊ ဦးဇော်မိလ်အာမတ်(Myanmar JM Int'l Co., Ltd.)က ငွေကျပ်၁၀သိန်း၊ ဦးမောင်ကလေး(ခ) ရော်ဖိတ်(Twin Tower Co., Ltd.)က ငွေကျပ်၁၀သိန်း၊ ဦးအဘူဆူမိယာန် (စိန်ရွှေအရောင်းဆိုင်)က ငွေကျပ်၁၀သိန်း၊ ဦးခင်မောင်ဝင်း (ဝင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)က ငွေကျပ်၁၀သိန်း ဦးဝလီ (ခ) တင်ဝင်း (Yangon Makkah Travel & Tours Co., Ltd.)က ငွေကျပ် ၁၀ သိန်း၊ ဦးဇော်ဝင်း(City Light Co., Ltd.)က ငွေကျပ် ၁၀ သိန်း၊ ဦးကျော်လှ (ဦးကျော်လှ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)က ငွေကျပ် ၁၀သိန်း၊ ဦးလှစိန်(သံမဏိလှစိန်ကုမ္ပဏီလီမိတက်)က ငွေကျပ် ၁၀သိန်း၊ ဦးလှရွှေ(ကောင်းကြိုက်ဒံပေါက်)က ငွေကျပ် ၁၀သိန်း အပါအဝင် အလှူရှင်များက ငွေကျပ်၃၉၆၅၃၄၀၀၀၊ အမေရိကန် ဒေါ်လာ ၅၀၀၀ အလှူငွေနှင့် UNICEF, UNDP, UNHCR, BAJ စသည့် အဖွဲ့များမှလှူဒါန်းသောငွေကျပ် ၄၅၈၆၈၅၀၀၊ အမေရိကန်ဒေါ်လာ ၁၃၄၈၀၀နှင့် ဂျပန်ယန်း ၁၁ဒသမ၂၉သန်းတန်ဖိုးရှိ အလှူပစ္စည်းများကိုပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများကလက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယနေ့ရန်ပုံငွေနှင့် ပစ္စည်းများလှူဒါန်းပွဲသို့ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်၂၅သိန်း၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)က ငွေကျပ်သိန်း၃၀၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)က ငွေကျပ်၂၅သိန်း၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်၂၅သိန်း၊ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်၂၅သိန်း၊ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သိန်း၅၀၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်၁၂သိန်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်၂၅သိန်း၊ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်၂၅သိန်း၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သိန်း၃၀၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်၂၅သိန်း၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်၁၀သိန်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)က ငွေကျပ်၁၀သိန်းနှင့် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်၂၅သိန်းပေးပို့လှူဒါန်းခဲ့ကြကြောင်းသိရှိရသည်။

### ကျေးဇူးတင်ရှိ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ကြောင့်အခက်အခဲများတွေ့ကြုံခံစားနေကြရသည့် မိမိတို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ သက်သာရာ သက်သာကြောင်း စိတ်သောကဖြစ်မှုပြေပျောက်နိုင်ရေးတို့အတွက် စေတနာထက်ထက်သန်သန်ဖြင့် လာရောက်လှူဒါန်းကြသည့် အလှူရှင်များအား နိုင်ငံတော်ကိုယ်စားသော်လည်းကောင်း၊ ရခိုင်ပြည်နယ်ရှိတိုင်းရင်းသားများကိုယ်စားသော်လည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း။

ယနေ့လာရောက်လှူဒါန်းကြသူအများစုမှာ ရန်ကုန်မြို့မှလာရောက်လှူဒါန်းကြသူများဖြစ်ကြကြောင်း၊ ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ခံစားခဲ့ရသည့် မိမိတို့တိုင်းရင်းသားများအား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ်အခြေခံဖြင့် ယခုကဲ့သို့ မိမိခရီးစဉ်အတွင်း လိုက်ပါလှူဒါန်းခဲ့ကြခြင်းဖြစ်ကြောင်း။

၎င်းအခမ်းအနားတွင် ပြည်နယ်နှင့်တိုင်းများက လှူဒါန်းမှုများ၊ UNDP, UNHCR, UNICEF, BAJ စသည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများက လှူဒါန်းမှုများလည်းပါဝင်ပါကြောင်း၊ ထို့ပြင် ရခိုင်ပြည်နယ်အတွင်းက ယခင်ရှေးဦးလှူဒါန်းမှုများ ပါဝင်သည်ကိုတွေ့ရကြောင်း။

သဘာဝဘေးဒဏ်ဆိုသည်မှာလည်း မြန်မာနိုင်ငံ တစ်နိုင်ငံတည်းသာဖြစ်တာမဟုတ်ပါကြောင်း၊ ရာသီဥတုဖြစ်ပေါ်ပြောင်းလဲမှုများကြောင့် နိုင်ငံတကာတွင်လည်း ဖြစ်ပေါ်လေ့ရှိပြီး တချို့နိုင်ငံများစွာမှာ အကြိမ်ကြိမ်ခံစားခဲ့ကြရပြီး ပျက်စီးဆုံးရှုံးမှု ပမာဏများလည်းကြီးမားသည်ကိုတွေ့ရကြောင်း။

### များစွာနည်း

မြန်မာနိုင်ငံအနေဖြင့် ယခုကဲ့သို့သော သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုနည်းပါးကြောင်း၊ ၁၉၆၈ ခုနှစ်က ရခိုင်ပြည်နယ်တွင်ရေဘေးတစ်ကြိမ်ဖြစ်ပွားခဲ့ပြီး ယခုဒုတိယအကြိမ်ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေး လေပြင်းတိုက်ခတ်မှုဒဏ်ဖြစ်ပေါ်ခဲ့ခြင်းသည် အခြားသော နိုင်ငံများတွင်ဖြစ်ပေါ်သည့် သဘာဝဘေးဒဏ်ကြောင့် ဆုံးရှုံးမှုများနှင့်ယှဉ်ကြည့်ပါက များစွာနည်းပါးကြောင်း။

၎င်းမှာပြည်ထောင်စုနိုင်ငံကြီးအတွင်းရှိကြသည့် တိုင်းရင်းသားပြည်သူများအားလုံးသည် မိမိတို့ယုံကြည်ကိုးကွယ်ရာဘာသာတရားကိုလေးလေးစားစားကြည်ညိုကိုးကွယ်မှု၊ အချင်းချင်းမေတ္တာတရားထားရှိမှု တိုင်းရင်းသား ညီအစ်ကို မောင်နှမ မိသားစု

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*

**ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး ဇွန် ၇ ရက်က ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့်မြို့နယ်များသို့ ဒုတိယအကြိမ် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားတွင် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)**

# ဘဂ္ဂဒက်အရှေ့မြောက်ဘက်၌ ကန်စစ်ယာဉ်ပုံးထိမှန် ကန်ထရိုက်တစ်ဦးသေ၊ ကန်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဇွန် ၇

**ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက်၌ စနေနေ့က အမေရိကန်စစ်ယာဉ်တစ်စီးကို လမ်းဘေးဗုံးဖြင့် တိုက်ခိုက်ခဲ့မှုကြောင့် အရပ်သားကန်ထရိုက်တစ်ဦးသေဆုံးပြီး အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။**

ယင်းတိုက်ခိုက်မှုသည် ဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက် ၁၂၅မိုင်အကွာ ဟာဒီတာ၌ ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း အမေရိကန်တပ်ဖွဲ့၏ ကြေညာချက်၌ ဖော်ပြထားသည်။

**ပြောဆို**

ဒဏ်ရာရ အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးမှာ အမှတ်(၁၃)ထောက်ပံ့ရေးတပ်မှဖြစ်ကြောင်း ယင်းကြေညာချက်၌ ဖော်ပြထားသည်။ သို့ရာတွင် သေဆုံးသွားသည့် ကန်ထရိုက်၏ နိုင်ငံသားကို ပြောဆိုခြင်းမရှိပေ။

ဘဂ္ဂဒက်မြို့၌ စနေနေ့က လမ်းဘေးဗုံးဖြင့် တိုက်ခိုက်မှုကြောင့် တပ်ဖွဲ့ဝင်နှစ်ဦးသေပြီး နှစ်ဦးဒဏ်ရာ ရရှိသည်ဟုလည်း အမေရိကန်တပ်ဖွဲ့က ပြောသည်။ ကနဦး အမေရိကန် တပ်ဖွဲ့မှပြောဆိုရာတွင် တစ်ဦး သေဆုံးသွားသည်ဟုလည်းပြောသည်။ **အမ်အင်အေ၊ရိုက်တာ**

**ဆန္ဒပြ**

**ဘာကူဘာမြို့တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေသူများကို ဇွန် ၇ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# အီရတ်၌ တရားဝင်အစိုးရမရှိသရွေ့ တပ်များစေလွှတ်မည်မဟုတ် ဆော်ဒီအာရေဗျနိုင်ငံခြားရေးဝန်ကြီး ဆော့ဒ်အယ်လ်ဖိုင်ဇယ်ပြောကြား

ဂျက်အင်ချ်(ဆော်ဒီအာရေဗျ) ဇွန် ၇

**တပ်ဖွဲ့ဝင်များစေလွှတ်ရေး အာရပ်နိုင်ငံများ မစဉ်းစားမီကပင် အီရတ်နိုင်ငံသည် တရားဝင်ပြီး လွတ်လပ်သည့်အစိုးရတစ်ခုဖြစ်ရမည်ဖြစ်ကြောင်း ဆော်ဒီအာရေဗျနိုင်ငံက တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။**

ကုလသမဂ္ဂက ကူညီဖွဲ့စည်းပေးထားသော အီရတ်ကြားဖြတ်အစိုးရသစ်သည် ဇွန် ၃၀ရက်တွင် အမေရိကန်ဦးဆောင်သော သိမ်းပိုက်ရေး အာဏာပိုင်များထံမှ အာဏာလွှဲပြောင်းရယူမည်ဖြစ်သည်။ အမေရိကန်တို့၏ ရုံးကို ဇန်နဝါရီလတွင် ပြုလုပ်မည့် အမျိုးသားရွေးကောက်ပွဲတိုင်အောင် ဆက်လက်ထားရှိမည်ဖြစ်သည်။

**မျှော်လင့်**

မိမိသည် အီရတ်ကြားဖြတ်အစိုးရကို ကြိုဆိုပါကြောင်း၊ ၎င်းသည် တရားဝင်အစိုးရဖွဲ့စည်းခြင်း၊ ပြည့်ဝသော အီရတ်အချုပ်အခြာအာဏာ ပြန်လည်ရရှိခြင်းသည် အီရတ်ပြည်သူများ၏ လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးလိမ့်မည်ဟု မျှော်လင့်ပါကြောင်း ဆော်ဒီအာရေဗျ နိုင်ငံခြားရေးဝန်ကြီး မင်းသား ဆော့ဒ်အယ်လ်ဖိုင်ဇယ်က ပြောကြားသည်။

အာရပ်နိုင်ငံများက အီရတ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်ရေးမှာ တရားဝင်ပြီး လွတ်လပ်သော အီရတ်အစိုးရက မေတ္တာရပ်ခံချက်ရှိမှသာ ဖြစ်နိုင်ချေရှိကြောင်း ဆော့ဒ်က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

**ပြောကြား**

အဆိုပါတပ်ဖွဲ့ဝင်များ စေလွှတ်ရေး မေတ္တာရပ်ခံချက်သည် အချုပ်အခြာအာဏာအပြည့်အဝမရှိသော အစိုးရတစ်ခုအဖြစ်နိုင်မည်မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။ မိမိတို့သည် အမေရိကန်တပ်ဖွဲ့ဝင်များနေရာတွင် အာရပ်တပ်ဖွဲ့ဝင်များကို အစားထိုးရန်ဆန္ဒရှိကြောင်း အီရတ်တို့က ပြောကြားသည်။ အာရပ်တပ်များ ဦးဆောင်မှုသာလျှင်ဖြစ်နိုင်ကြောင်း အာရပ်အဖွဲ့ချုပ်က ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များသည် ဇွန် ၃၀ ရက်တွင် အုပ်ချုပ်ရေးလွှဲပြောင်းပေးပြီးနောက် ပြောက်ကျားတို့အား ကူညီတိုက်ခိုက်ရန်အတွက် အီရတ်၌ တပ်ဖွဲ့ဝင်များ ဆက်လက်ရှိနေဦးမည်ဖြစ်ကြောင်း ဝါရှင်တန်က ပြောဆိုသည်။ **အမ်အင်အေ၊ရိုက်တာ**

# မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

# ဘဂ္ဂဒက်မြို့တွင် ယာဉ်တန်းတိုက်ခိုက်ခံရ ပိုလန်နှစ်ဦးနှင့် အမေရိကန်နှစ်ဦး သေဆုံး

ဝါဆော ဇွန် ၇

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် တနင်္ဂနွေနေ့က ယာဉ်တန်းတိုက်ခိုက်ခံရမှုကြောင့် လူလေးဦးသေဆုံးခဲ့ရကြောင်း၊ ၎င်းတို့ထဲမှ နှစ်ဦးသည် ပိုလန်နိုင်ငံသားဖြစ်ပြီး နှစ်ဦးသည် အမေရိကန်များဖြစ်နိုင်သည်ဟု ပိုလန်နိုင်ငံခြားရေးဝန်ကြီးဌာနက တနင်္ဂနွေနေ့တွင် ပြောကြားသည်။**

**သေဆုံး**

၎င်းတို့သည် အမေရိကန်အခြေစိုက် လုံခြုံရေးကုမ္ပဏီ ဘလက်ခ်ဝါတာတွင် အလုပ်လုပ်နေကြသူများဖြစ်ကြသည်။ မတ်လအတွင်းကလည်း ယင်းကုမ္ပဏီမှ အမေရိကန်လုံခြုံရေးလေးဦး ဖော်လူဂျာမြို့တွင် သေဆုံးခဲ့ရသည်။

ဘလက်ခ်ဝါတာမှ ပိုလန်အလုပ်သမားနှစ်ဦးသည် ဘဂ္ဂဒက်မြို့မှ ဖြတ်သွားသော ယာဉ်တန်းတိုက်ခိုက်ခံရစဉ် သေဆုံးသွားခဲ့ကြောင်း ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**အများဆုံး**

အမေရိကန်၏ မဟာမိတ်ဖြစ်သော ပိုလန်နိုင်ငံသည် အီရတ်နိုင်ငံသို့ ၎င်း၏တပ်ဖွဲ့ဝင် ၂၄၀၀ စေလွှတ်ခဲ့ရာ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များတွင် အရေအတွက်အများဆုံး တစ်နိုင်ငံဖြစ်သည်။

**ဖော်ပြ**

ပိုလန်တပ်ဖွဲ့ဝင်လေးဦးနှင့် သတင်းစာဆရာနှစ်ဦး ပြီးခဲ့သောအပတ်က အီရတ်တွင်သေဆုံးခဲ့ရပြီး ပိုလန်ဆောက်လုပ်ရေးကုမ္ပဏီအလုပ်သမားတစ်ဦး ပြန်ပေးဆွဲခံရသည်ဟု ရိုက်တာကဖော်ပြသည်။

**အမ်အင်အေ၊ရိုက်တာ**

# ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲမှုပြပွဲ ပြင်သစ်တွင် ခင်းကျင်းပြသ

ပါရီ ဇွန် ၆

**ကမ္ဘာတစ်ဝန်း ရာသီဥတု အခြေအနေများ ပြောင်းလဲမှုဆိုင်ရာ ပြပွဲတစ်ရပ်ကို ပြင်သစ်နိုင်ငံ၌ ပြသလျက်ရှိရာ လူသားတို့ကြောင့် ဖြစ်ရသည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကြောင့် ကမ္ဘာကြီးသည် အန္တရာယ်နှင့် ရင်ဆိုင်နေရသကဲ့သို့ လူသားများလည်း ရင်ဆိုင်နေရကြောင်း ရှင်းလင်းပြသထားသည်။**

**ခန့်မှန်း**

ဖန်လုံအိမ် အာနိသင် အကျိုးကို ဖြစ်ပေါ်စေသော ဓာတ်ငွေ့များ ထုတ်လွှင့်မှုအပါအဝင် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကြောင့် ကမ္ဘာ၌အပူချိန် မြင့်တက်လာစေကာ လာမည့်နှစ် ၁၀၀အတွင်း ၁၃သမ၅ ဒီဂရီမှ ၁၃သမ၆ ဒီဂရီ အတွင်း မြင့်တက်လာလိမ့်မည်ဟု သိပ္ပံပညာရှင်များ ခန့်မှန်းထားကြသည်။

**ရေလွှမ်းနိုင်**

ယင်းသို့ အပူချိန်မြင့်မားမှုကြောင့် နှင်းဖုံး တောင်ထိပ်များ အရည်ပျော်ကာ ကမ္ဘာ့ပင်လယ် သမုဒ္ဒရာ မျက်နှာပြင် မြင့်တက်လာပြီး မြစ်ဝှမ်းဒေသများနှင့် ကမ်းရိုးတန်း မြေနိမ့်လွင်ပြင်ဒေသများ ရေလွှမ်းမိုးသွားနိုင်သည်။

**သုံးစွဲ**

ယခု လက်ရှိအခြေအနေ၌ ကမ္ဘာ့လူဦးရေ၏ငါးပုံတစ်ပုံသည် ကမ္ဘာ့သယံဇာတများ အားလုံးကုန်ဆုံးလုနီးပါး သုံးစွဲချက်ရှိကြောင်းနှင့် အဆိုပါ သယံဇာတများ သုံးစွဲမှုလျှော့ချမည်ဆိုလျှင်ပင် ရာစုနှစ်ပေါင်းများစွာ အချိန်ယူရမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာကြီး ပူနွေးလာမှုအခြေအနေကို ရင်ဆိုင်ကျော်လွှားနိုင်ရန် လူသားများ နည်းလမ်းများရှာဖွေမည် ဖြစ်ကြောင်း သိရသည်။ **(စီအက်ဖ်အိုင်)**

**ယာဉ်ပျက်စီး**

**ကယ်ကွတ်မြို့ တောင်ဘက်တွင် ဗုံးခွဲတိုက်ခိုက်ခံရမှုကြောင့် မီးလောင် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို ဇွန် ၇ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# အမေရိကန်တို့နှင့် ပူးပေါင်းသူများအား ဘဂ္ဂဒက်တောင်ဘက်၌ ပြောက်ကျားတို့တိုက်ခိုက်

**ဘဂ္ဂဒက် ဇွန် ၇**

ဘဂ္ဂဒက်မြို့တောင်ဘက် ကီလိုမီတာ ၅၀ အကွာရှိ အယ်လ်မူဆေရပ်ရဲစခန်းရှေ့၌ ပြောက်ကျားများ ပစ်ခတ်တိုက်ခိုက်စဉ်အတွင်း အီရတ် ၁၃ဦးသေဆုံးပြီး ၁၀ဦး ဒဏ်ရာရရှိသွားကြောင်း အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားက သတင်းထုတ်လွှင့်ပြသခဲ့သည်။

ပြောက်ကျားအဖွဲ့တစ်ဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၄ နာရီ မိနစ် ၂၀ တွင် အဆိုပါ ရဲစခန်းအား လက်နက်ငယ်များ၊ ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ၎င်းရုပ်မြင်သံကြားက ပြသခဲ့သည်။

ပြောက်ကျားများသည် အဆိုပါရဲစခန်းအား ဖောက်ခွဲတိုက်ခိုက်ခြင်းမပြုမီ သေဆုံးသူများနှင့် အတူ မူဆေရပ်မြို့ရှိ ၎င်းအဆောက်အအုံသို့ ရဲတပ်ဖွဲ့ဝင်များ အယောင်ဆောင်၍ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းရုပ်မြင်သံကြားက ပြသခဲ့သည်။

ကျူးကျော် သိမ်းပိုက်သူများနှင့် ပူးပေါင်းသည်ဟု ထင်မြင်ခံရသည့် အီရတ်ရဲတပ်ဖွဲ့ဝင်များသည် ပြောက်ကျားတို့၏ မှန်မှန်ပစ်မှတ်ထား တိုက်ခိုက်ခံကြရလျက် ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# အီရတ်ရှိ ကန်စစ်အခြေစိုက်စခန်းနှင့် ရဲစခန်းကို အသေခံပုံးခွဲမှုနှစ်ခု ၎င်းတို့၏လက်ချက်ဖြစ်ကြောင်း အယ်လ်ဇာကာဝီ၏ အုပ်စုတစ်စုကပြောကြား

ဘဂ္ဂဒက် ဇွန် ၆

**လက်နက်ကိုင် ခုခံတိုက်ခိုက်ရေးခေါင်းဆောင် အဘူမူဆက်အယ်လ်ဇာကာဝီ၏ အုပ်စုတစ်စုက အီရတ်ရှစ်ဦးသေဆုံးခဲ့သည့် တနင်္ဂနွေနေ့၌ အသေခံကားပုံးဖောက်ခွဲမှုနှစ်မှုသည် ၎င်း၏လက်ချက်ဖြစ်ကြောင်း ပြောဆိုသည်ဟု အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။**

တနင်္ဂနွေနေ့ ညနေပိုင်း၌ ဘဂ္ဂဒက်အနီး ဘာလက်ရှိ အမေရိကန် အခြေစိုက်စခန်းကို သီးခြားတိုက်ခိုက်မှုတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရခဲ့သည်ဟု အမေရိကန်ဗဟိုစစ်ဌာနချုပ်က ပြောကြားသည်။ တပ်ဖွဲ့ဝင်နှစ်ဦးစလုံးမှာ အမှတ် (၁၃)ထောက်ပို့တပ်မှဖြစ်သည်ဟု ဆိုသည်။

**ဒဏ်ရာရ**

ဘဂ္ဂဒက်မြောက်ဘက်ရှိ အပေါင်းပါတပ်ဖွဲ့အခြေစိုက် အနီး အသေခံကားပုံးခွဲရာ၌ အခြား ၄၈ဦး ဒဏ်ရာရခဲ့သည်ဟု အီရတ်ရဲအဖွဲ့မှ ဗိုလ်မှူးချုပ် ဂျမားလ်အဗ္ဗဒူလာက ပြောကြားသည်။

အဆိုပါဒဏ်ရာရသူများထဲတွင် အပေါင်းပါတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်နှစ်ဦးလည်း ပါဝင်သည်ဟု သိရသည်။

**ဖော်ပြ**

အစ္စလမ္မစ်အုပ်စုက ထုတ်ပြန်ခဲ့သော ကြေညာချက်တွင် အဆိုပါတာဂျီရှိ အခြေစိုက်စခန်းနှင့်အနီးရှိ အီရတ်ရဲစခန်းတို့ကို အီရတ်နှစ်ဦးက အသေခံပြီးဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့ပြင် အီရတ်ရဲစခန်းအရာရှိများသည် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းလုပ်ကိုင်ခြင်းကြောင့် ရဲစခန်းကိုပစ်မှတ်ထားပြီး ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

**လုပ်ဆောင်**

အမေရိကန်တပ်ဖွဲ့ဝင်များ၊ အီရတ်အရပ်သားများ အပြင် အခြားတိုက်ခိုက်မှုများကို အယ်လ်ဇာကာဝီက လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၀၃ ခုနှစ် ဩဂုတ်လ၌ ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂကိုလည်း အယ်လ်ဇာကာဝီက ဗုံးခွဲတိုက်ခိုက်ခဲ့ကြောင်း အမေရိကန်တို့က အတိအလင်း စွပ်စွဲခဲ့ကြသည်။

(အင်တာနက်)

## လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ယာဉ်တန်း မိုဆူးလ်၌ တိုက်ခိုက်ခံရ

လန်ဒန် ဇွန် ၇

အီရတ်နိုင်ငံမြောက်ပိုင်းရှိ မိုဆူးလ်မြို့တွင် စနေနေ့က ယာဉ်တန်းအား သေနတ်သမားများက ပစ်ခတ်တိုက်ခိုက်သောကြောင့် ဗြိတိန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံခြားရေးရုံးမှ သတင်းထုတ်ပြန်သည်။ နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူက ၎င်းသေဆုံးသူသည် ခရစ်အ်ဒစ်ကင်မ်ဖြစ်ပြီး သံချပ်ကာတပ်ဖွဲ့မှဖြစ်ကြောင်း ပြောကြားသည်။

**တိုက်ခိုက်**

အမေရိကန်တပ်ဖွဲ့မှ တာဝန်ရှိသူများ၏ စနေနေ့က ပြောကြားချက်တွင် နိုင်ငံခြား လုံခြုံရေးတပ်ဖွဲ့ဝင်များအား သယ်ဆောင်လာသောယာဉ်အား မိုဆူးလ်မြို့တွင် သေနတ်သမားများ၏ တိုက်ခိုက်မှုကြောင့် နိုင်ငံခြားသားတစ်ဦး သေဆုံးခဲ့ပြီး အခြားနှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ပြောဆိုသည်။

**အမ်အင်အေ၊ ရိုက်တာ**

ဝါရှင်တန်မြို့ အမေရိကန် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်လ်ရမ်းစဖဲလ်၏အိမ်ရှေ့၌ အီရတ်စစ်ပွဲဆန့်ကျင် ကန့်ကွက်သူများက အီရတ်ကို အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ထားမှု အဆုံးသတ်ရေး တောင်းဆိုဆန္ဒပြနေသည်ကို ဇွန် ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

## အီရတ်၌ အဖျက်စွမ်းအားကြီးသော လက်နက်များရှိသည်ဆိုမှု အထင်အမြင်မှားခြင်းသာဖြစ်ဟု ဒေးဗစ်ကေးပြောကြား

လန်ဒန် ဇွန် ၇

စွပ်စွဲထားသော အဖျက်စွမ်းအားကြီးမားသည့် လက်နက်များသည် အီရတ်၌ မရှိကြောင်း၊ ထိုသို့ထင်မှတ်ထားသည်မှာ အထင်အမြင်မှားခြင်းသာဖြစ်ကြောင်း အမေရိကန်လက်နက်စစ်ဆေးရေးမှူးဟောင်းဒေးဗစ်ကေးက စနေနေ့၌ ပြောကြားလိုက်သည်။

**လက်နက်များမရှိ**

အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်သည် သူ၏ လက်နက်အစီအစဉ်ကို ပြန်လည်ဆောင်ရွက်ရန် ရည်ရွယ်ပြီး တရားမဝင်လုပ်ခဲ့သော်လည်း တကယ်တမ်းအားဖြင့် သိုလှောင်ထားသော အဖျက်စွမ်းအားကြီးမားသော လက်နက်သစ်များမရှိခဲ့ကြောင်း ဒေးဗစ်ကေးက ဘီဘီစီ၏ တူဒေးအစီအစဉ်သို့ ပြောကြားသည်။

**ဆုံးဖြတ်ခဲ့**

ဆက်ဒမ်ဟူစိန်၌ အဖျက်စွမ်းအားကြီးမားသည့် လက်နက်များရှိထားသည်ကို မိမိတို့ သိထားကြောင်း၊ ထိုလက်နက်များကို သူအသုံးပြုခဲ့သည်ကိုလည်း သိခဲ့ကြောင်း၊ မိမိတို့ ထိုလက်နက်များကို ယခုထိတိုင် ရှာမတွေ့သေးသည်ကိုလည်း သိကြောင်း၊ ဘာကြောင့်ဆိုသည်ကို သက်သေထူဖို့လိုကြောင်း သောကြာနေ့တွင် ဘီဘီစီက ဝန်ကြီးချုပ်ဘလဲနှင့် တွေ့ဆုံရာ၌ ဘလဲက အီရတ်ကို စစ်ပွဲဆင်နွှဲရန် သူဆုံးဖြတ်ခဲ့သည်ကို ကာကွယ်ပြောကြားခဲ့သည်။

အီရတ်၌ အဖျက်စွမ်းအားကြီးမားသော လက်နက်များရှိခဲ့ကြောင်း မိမိတို့မှားယွင်းပြောဆိုမိခဲ့ကြောင်း ရိုးသားစွာ ဝန်ခံတောင်းပန်ရန် ဗြိတိသျှနှင့် အမေရိကန်ခေါင်းဆောင်များကို ဒေးဗစ်ကေးက တိုက်တွန်းခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ခုနစ်ကြိမ်မြောက် နိုင်ငံတကာရုပ်ရှင်ပွဲတော် ရှန်ဟဲမြို့တွင် စတင်ကျင်းပ

ရှန်ဟဲ ဇွန် ၇

**ရုပ်ရှင်သရုပ်ဆောင်များ၊ ဒါရိုက်တာများနှင့် ဝေဖန်ရေးသမား ၁၀၀၀ခန့်သည် ခုနစ်ကြိမ်မြောက် ရှန်ဟဲနိုင်ငံတကာရုပ်ရှင်ပွဲတော်စတင်ရန် စနေနေ့ညတွင် ရှန်ဟဲသို့ စုဝေးရောက်ရှိခဲ့ကြသည်။**

အဆိုပါပွဲတော်ကို ၂၀၀၃ ခုနှစ် ဆားစ်ရောဂါဖြစ်ပွားခဲ့သဖြင့် တစ်နှစ်ကြာ ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။

**ယှဉ်ပြိုင်မည်**

ဥရောပမှ ရုပ်ရှင်ဇာတ်ကား ကိုးကားနှင့် အာရှမှခုနစ်ကား စုစုပေါင်း ရုပ်ရှင်ဇာတ်ကား ၁၆ ကားသည် ဇွန်လ ၁၃ရက်တွင် ပြီးဆုံးမည့် ကိုးရက်ကြာ ကျင်းပသော အဆိုပါပွဲတော်တွင် ကျင်ကျူးဆုရရှိရန်အတွက် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ထို့ပြင် အာဆီယံနိုင်ငံများမှ အခြားရုပ်ရှင် ဇာတ်ကားသစ် ၁၀ကားသည်လည်း ယင်းပွဲတော်အတွင်း အာဆီယံ စွမ်းရည်သစ်ဆုအတွက် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ကျင်ကျူးဆုအတွက် ကော်မတီဥက္ကဋ္ဌအပါအဝင် ရွေးချယ်ထားသော အကဲဖြတ်အဖွဲ့ဝင် ခြောက်ဦးကို ရွေးချယ်ထားသည်။

**ပါဝင်**

ယင်းတို့မှာ တရုတ်ဒါရိုက်တာ တိန့်ယင်နန်၊ ကိုရီးယားဒါရိုက်တာနှင့် ထုတ်လုပ်သူ ပတ်ချူလ်ဆူး၊ ဂျပန်ဒါရိုက်တာ ကူရိုကီကျူအို၊ ဟောင်ကောင်ရုပ်ရှင်ဆုရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ မင်ဖရက်ဝန်း၊ ပြင်သစ်ဒါရိုက်တာ အိုလီဗာ အာဆေးယာ့စ်နှင့် ဒင်ဗာရုပ်ရှင်အဖွဲ့၏ တည်ထောင်သူနှင့် အနုပညာ ဒါရိုက်တာ ရွန်ဟင်ဒါဆွန်တို့ ဖြစ်ကြသည်။

**အမ်အင်အေ၊ ဆင်ဟွာ**

## အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၈၂၀ ရှိပြီ

ဘဂ္ဂဒက် ဇွန် ၇

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ ၂၀၀၃ ခုနှစ် မတ်လမှစတင်၍ ကျူးကျော်ဝင်ရောက်ခဲ့ချိန်မှစ၍ ၂၀၀၄ခုနှစ် ဇွန်လ ၇ရက် တနင်္လာနေ့ရောက်ချိန်၌ အီရတ်တွင်သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၈၂၀ဖြစ်သည်။ ယင်းအနက် ၆၀၃ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၂၁၇ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးသည်။

၂၀၀၃ခုနှစ် မေလ ၁ ရက်၌ စစ်ပွဲကြီးပြီးကြောင်း သမ္မတဘုရှ် ကြေညာခဲ့ချိန် မှစပြီး အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၆၈၂ဦး ဖြစ်ပြီး ယင်းအနက် ၄၉၄ဦးမှာ တိုက်ပွဲ၌သေဆုံးခြင်းဖြစ်၍ ၁၈၈ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်။

ထို့ပြင် အီရတ်၌ ဗြိတိသျှတပ်ဖွဲ့ဝင် ၅၈ဦး၊ အီတလီ ၁၈ဦး၊ စပိန် ရှစ်ဦး၊ ဘူဂေးရီးယား ခြောက်ဦး၊ယူကရိန်း လေးဦး၊ ပိုလန်သုံးဦး၊ အခြားနှစ်ဦးနှင့် ဒိန်းမတ်၊အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယားနှင့် နယ်သာလင်တို့တစ်ဦးစီ သေဆုံးခဲ့သည်။

**အင်တာနက်**

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားစဉ် အမေရိကန်တပ်ဖွဲ့ဝင်များကို ပြန်လည်တိုက်ခိုက်ရန် ကြိုးစားနေသော အီရတ်ပြောက်ကျားတစ်ဦးကို ဇွန် ၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမျိုးသားညီလာခံ အစုအဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးတွင် သဘာပတိ ဦးမောင်ကြီး အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

* ရှေ့ဖုံးမှ

## ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၁၀ နာရီတွင် ဆွေးနွေးပွဲခန်းမ၌ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးမောင်ကြီးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်းနှင့်လာဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးယောအေးလှတို့ကဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၄)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ဖြူတင့်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်နွယ်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့တက်ရောက်သည့် ရာခိုင်နှုန်း ၈၆ ဒသမ ၆၇ ရှိသောကြောင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ယင်းနောက် သဘာပတိ ဦးမောင်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးပါတီ၏ အကြံပြုချက်စာတမ်းကို ရွေးချယ်ခံကိုယ်စားလှယ် ဦးစံသာအောင်က ဖတ်ကြားတင်ပြပြီး ၎င်း၏အကြံပြု စာတမ်းကို သဘာပတိထံ ပေးအပ်သည်။

ထို့နောက် အလှည့်ကျသဘာပတိ ဦးမောင်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး နံနက်၁၀နာရီခွဲတွင် အစည်းအဝေးကို ရပ်နားလိုက်သည်။

## တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၏ သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံစုံညီအစည်းအဝေးအကြံပြုစာတမ်း ပြုစုရေးအဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၁၀ နာရီတွင် ဆွေးနွေးပွဲခန်းမ (၄)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ရန်ကုန်တိုင်းမှ ဦးမြအေးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မကွေးတိုင်းမှ ဦးတင်မောင်ကျော်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဦးစိုင်းတင့်အောင်နှင့် စစ်ကိုင်းတိုင်းမှ ဦးကံညွန့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၆)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိမ်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ကြိုင်တို့က ဆောင်ရွက်ကြသည်။

ယင်းနောက် အလှည့်ကျသဘာပတိက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ကဏ္ဍအလိုက်ရှင်းလင်းတင်ပြချက်များ အပေါ် ပြည်နယ်၊ တိုင်း တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များ၏စုံညီအစည်းအဝေးတွင် အကြံပြုစာတမ်း တင်သွင်းဖတ်ကြားနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံ အစုအဖွဲ့ဖြစ်သည့် တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့နှင့် စာတမ်းပြုစုရေးအဖွဲ့တို့ အကြံပြုစာတမ်း ပြုစုရေးအတွက် ညှိနှိုင်းဆွေးနွေးကြစဉ်။

(သတင်းစဉ်)

## အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲ ခန်းမ(၈)၌ ကျင်းပရာ သဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသောမြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ(၆)မှ ဦးအောင်ခမ်းထိ၊ ကချင်ပြည်နယ်အထူးဒေသ(၂)မှ ဒေါက်တာ မနန်တူးဂျာ၊ မြန်မာ့သမိုင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ချိန်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၂)မှ ဦးပေါ်လိုက်ခမ်းနှင့် အခမ်းအနားမှူးများအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီလုပ်ငန်းအဖွဲ့(၁၀)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့တက်ရောက်ကြပြီး ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်အဖွဲ့)နှင့် ရခိုင်တပ်မတော် (AA)အဖွဲ့တို့က တင်ပြထားသည့် စုပေါင်းစာတမ်းနှင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြမည့် စာတမ်းပြုစုရေးတို့နှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကြသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံ အစုအဖွဲ့ဖြစ်သည့် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့ ညှိနှိုင်းအစည်းအဝေးပြုလုပ်စဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံ အစုအဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့ ညှိနှိုင်းအစည်းအဝေးပြုလုပ်စဉ်။ (သတင်းစဉ်)

## နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့နှင့် စာတမ်းပြုစုရေး အဖွဲ့ငယ် ခေါင်းဆောင်များ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ဦးကိုကိုကျော်၊ ပြည်ထဲရေး ဝန်ကြီးဌာနမှ ဦးမြတ်ကို၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး ဌာနမှ ဦးလှတင်၊ သာသနာရေးဝန်ကြီးဌာနမှ ဦးအုံ့မောင်၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ စာတမ်းပြုစုရေးအဖွဲ့ငယ် ခေါင်းဆောင်များ တက်ရောက်ကြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့က တင်သွင်းမည့် စာတမ်းပြုစုရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းပြုစုရေးသားကြသည်။

## အမျိုးသားညီလာခံကိုယ်စားလှယ်များအား သမီးရှင်ဇာတ်ကားဖြင့် ဖျော်ဖြေတင်ဆက်

**ရန်ကုန် ဇွန် ၈**

အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ် ည ၇ နာရီမှ စတင်၍ ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

**ဖျော်ဖြေတင်ဆက်**

ယမန်နေ့ ညပိုင်းတွင် ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွဋ်တို့ ရိုက်ကူးပြီး သရုပ်ဆောင် ရန်အောင်၊ ဒွေး၊ ခင်သန်းနု၊ မျိုးသဇင်ထွန်းတို့ ပါဝင်သရုပ်ဆောင်ထားကြသည့် “သမီးရှင်” ရုပ်ရှင်ဇာတ်ကားဖြင့် ပြသ ဖျော်ဖြေတင်ဆက်သည်။

(သတင်းစဉ်)

# တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

မကွေးတိုင်း ပေါက်မြို့တွင် ဒေသခံပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန်အတွက် ဆောက်လုပ်ပေးထားသော ဆေးရုံသစ်ကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း- ပြန်/ဆက်)



ပဲခူးတိုင်း မင်းလှ-မိုးညိုကျေးရွာချင်းဆက်လမ်းကို ဤသို့ တိုးချဲ့ဖောက်လုပ်ခဲ့၍ ဒေသခံကျေးရွာသူ၊ ကျေးရွာသားများ သွားလာရေးအဆင်ပြေချောမွေ့လျက်ရှိသည်။

(ဓာတ်ပုံမှတ်တမ်း- နယ်စပ်/စည်ပင်)

## နမ့်တိန် ချောင်းကူးတံတား

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကွမ်းလုံမြို့တွင် နမ့်တိန်ချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသော အရှည် ၄၃၂ပေရှိ နမ့်တိန်ချောင်းကူးတံတားကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများ သွားလာရေးအတွက် အဆင်ပြေလျက်ရှိသည်။

(ဓာတ်ပုံမှတ်တမ်း- နယ်စပ်/စည်ပင်)

# နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး



## ဓာတ်အားပေး စက်ရုံ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားဒေသမှ ရေအားလျှပ်စစ် ဓာတ်အားပေး စက်ရုံသည် ဒေသခံတိုင်းရင်းသားများ လျှပ်စစ်မီး ရရှိရေးအတွက် အထောက်အကူပြုလျက်ရှိသည်။

(ဓာတ်ပုံမှတ်တမ်း- နယ်စပ်/စည်ပင်)

## ဖူးမြော် ကြည်ညို

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇွန် ၇ ရက်က စစ်တွေမြို့ စကြာမုနိ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြစဉ်။

(သတင်းစဉ်)

✡ ရှေ့ဖုံးမှ

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးနှင့် စစ်ဘက်နယ်ဘက်မှ အရာရှိများ၊ လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

### ကြိုဆို

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး လိုက်ပါလျက် ရခိုင်ပြည်နယ် ပေါက်တောမြို့သို့ ရောက်ရှိကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပေါက်တောမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကြရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးဒေါ်အုန်းတင်နှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများက ကြိုဆိုကြသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လေပြင်းတိုက်ခတ်မှုဒဏ်ခံရသော ကျောင်းအဆောက်အအုံနှင့် ကျောင်းကွန်ပျူတာခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပေါက်တောမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

### ရှင်းလင်းတင်ပြ

အစီအစဉ်အရ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းကြည်က ၂၀၀၄ခုနှစ် မေ ၁၉ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသည့် လူနေအိမ်အခြေအနေ၊ အိမ်အမိုးအကာများ လွင့်ပါသွားသည့် လူနေအိမ်အခြေအနေ၊ ဆေးရုံ၊ စာသင်ကျောင်း၊ ဘာသာရေးအဆောက်အအုံနှင့် ဌာနဆိုင်ရာအဆောက်အအုံများ ပျက်စီးမှုအခြေအနေ၊ ကျွဲနွားတိရစ္ဆာန်များသေကျေမှုအခြေအနေ၊ ကယ်ဆယ်ရေးကွပ်ကဲမှုအဖွဲ့များဖွဲ့ကာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ရေကောင်းရေသန့်ရရှိရေး အပါအဝင် ဆောင်ရွက်နေသော ကယ်ဆယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဇောလှက မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ မြို့တွင်းလမ်း နှင့် ဆိပ်ခံတံတားများအခြေအနေ၊ လုပ်ငန်းလိုအပ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇွန် ၇ ရက်က စစ်တွေမြို့၌ တည်ဆောက်နေသော အစိုးရနည်းပညာကောလိပ်(စစ်တွေ)၏ ပင်မသုံးထပ်ဆောင် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ ဆိပ်ခံတံတားအသစ်တည်ဆောက်ရေး၊ ဆက်သွယ်ရေး၊ လမ်းလုပ်ငန်းများအပါအဝင် ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးဖွယ်ရာများကို ဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် ယနေ့ ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် အနေဖြင့် မေ ၁၉ ရက်က တိုက်ခတ်ခဲ့သည့် လေပြင်းဒဏ်ကြောင့် နေအိမ်အဆောက်အအုံများပျက်စီးခြင်း၊ အမိုးအကာများ လွင့်စဉ်ပျက်စီးခြင်း၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ပုစွန်မွေးမြူရေးကန်များနှင့် ကျွဲနွားတိရစ္ဆာန်များ ဆုံးရှုံးခြင်း၊ ဆေးရုံ၊ စာသင်ကျောင်းများ အဆောက်အအုံ အမိုးအကာများ လွင့်စဉ်ခြင်းအပါအဝင် ကျွဲနွားအသေအပျောက်များ ဖြစ်ပေါ်ခဲ့ရကြောင်း။

ဤကဲ့သို့ သဘာဝဘေးဒဏ်ခံရမှုသည် ရာသီဥတုဖောက်ပြန်ချိန်တွင် ဖြစ်ပေါ်လေ့ရှိတတ်သဖြင့် ဆုံးရှုံးမှုများ ခံစားကြရသော်လည်းနိုင်ငံတော်အစိုးရအနေဖြင့် မိမိတိုင်းရင်းသားပြည်သူများ ယခုကဲ့သို့ သဘာဝဘေးအန္တရာယ်ကြောင့် တွေ့ကြုံခံစားနေကြရသည့် အခက်အခဲများ လျော့နည်းပြေပျောက်သွားစေရအောင် စောင့်ရှောက်မှုများ စီမံဆောင်ရွက်ပေးသကဲ့သို့ ပြည်ထောင်စုကြီး၏ အခြားသော ပြည်နယ်၊တိုင်းများအတွင်း မှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများကလည်း ဝိုင်းဝန်းပံ့ပိုးကူညီ စောင့်ရှောက်မှုများ ပေးခဲ့ကြကြောင်း။

### ကောင်းမြတ်သောအစဉ်အလာ

ဤကဲ့သို့ အခက်အခဲများပေါ်ပေါက်လာတိုင်း တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း ဝိုင်းဝန်းကူညီစောင့်ရှောက်ခဲ့ကြသည့်အလေ့အထ၊ အစဉ်အလာများသည် မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံတွင် ရှေးယခင် နှစ်ပေါင်းများစွာကပင် တည်ရှိခဲ့သော မြန်မာတို့၏ ကောင်းမြတ်သော အစဉ်အလာတစ်ရပ်ဖြစ်ကြောင်း။

## ကမ်းနားတစ်လျှောက်ကြည့်ရှု

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၇ ရက်က စစ်တွေမြို့ ကမ်းနားတစ်လျှောက် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့မှုကို သိလျှင်သိချင်း ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးအနေဖြင့် လိုအပ်သည့်ကော်မတီများကို ချက်ချင်းဖွဲ့စည်းပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်ပေးခဲ့ကြောင်း။

ထို့အတူ ဗဟိုအဆင့်အနေဖြင့်လည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်ဝန်ကြီးတို့ ဦးဆောင်သည့်အဖွဲ့များသည် လေပြင်းဒဏ်ခံရသည့်ဒေသများသို့ သွားရောက်၍ လတ်တလော လိုအပ်သည့် ကူညီထောက်ပံ့မှုများကိုဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း။

ယနေ့တွင်လည်း မိမိဦးဆောင်ပြီး ဒေသတာဝန်ခံနှင့်အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများပါဝင်သည့်အဖွဲ့အနေဖြင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့ခံစား

## လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ ဖွံ့ဖြိုးတိုးတက်နေမှုအခြေအနေကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ အိုးတန်းရပ် ကမ်းနားလမ်းရှိ ဆန်ဆိုင်များ၏ရောင်းဝယ်မှုအခြေအနေများကို ကြည့်ရှုပြီး သိလိုသည်များကို ဆန်ကုန်သည်များအား ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းသည်။

## ဖြည့်စွက်ရှင်းလင်းတင်ပြ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အမှတ်(၁)ဆိပ်ကမ်းတံတားသို့

**နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၇ ရက်က ပေါက်တောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)**

အပါအဝင် သင်ကြားစီမံကိန်းစရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

## ဆက်လက်ဆောင်ရွက်

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူး ဦးခင်မောင်အေးက စစ်တွေတက္ကသိုလ်၌ နှစ်ထပ်စာသင်ဆောင် ခြောက်လုံး၊ ကျောင်းသား ၃၀၀ ဆံ့ စာသင်ခန်းမကြီးနှစ်လုံး၊ ပြင်ပရေနှင့်လျှပ်စစ်လုပ်ငန်း၊ လူကူးစင်္ကြံလုပ်ငန်း၊ ဘွဲ့နှင်းသဘင်အဝင်လမ်းနှင့် စာသင်ဆောင်ပတ်လမ်းများပြီးစီးနေမှု၊ ဆက်လက်ဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် နှစ်ထပ်စာသင်ဆောင် တည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ခဲ့ကြရသည့်မိမိတို့တိုင်းရင်းသားပြည်သူများအား နှစ်သိမ့်အားပေးရင်းလိုအပ်ချက်များ၊ ဆောင်ရွက်ပေးဖွယ်ရာများကို ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

## ဝိုင်းဝန်းကူညီထောက်ပံ့

ယနေ့ မိမိနှင့်အတူ ရန်ကုန်မြို့မှ စေတနာရှင်များလိုက်ပါလာကြပြီး သဘာဝဘေးအန္တရာယ် ကျရောက်ခံစားခဲ့ကြရသည့် မိမိတို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ တွေ့ကြုံခံစားနေရသည့် အခက်အခဲများလျော့နည်းပပျောက်စေရအောင် စာနာစိတ်ဖြင့် ဝိုင်းဝန်းကူညီထောက်ပံ့မှုများပေးခဲ့ကြကြောင်း။

မိမိအနေဖြင့်လည်း ယခု မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံပြီး အိမ်ရာတည်ဆောက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ မြို့ပြဖွံ့ဖြိုးရေးများအပြင် ဒေသ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

မြို့နယ်အဆင့်ဌာနဆိုင်ရာများအနေဖြင့် သဘာဝဘေးအန္တရာယ် ကျရောက်ခံစားခဲ့ကြရသည့် တိုင်းရင်းသားများ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာများ ခံစားနေရသည့်သောကများ ပြေပျောက်စေရအောင် စေတနာအပြည့်အဝထား ကူညီအားပေး ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

## လက်တွေ့ကျကျအကောင်အထည်ဖော်

ထို့ပြင် မိမိမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ရေးတို့ကို အထောက်အကူဖြစ်စေမည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ပါ လုပ်ငန်းများကိုလည်း ကျေးလက်ဒေသအရောက်သွားကြပြီး တစ်ဆက်တစ်စပ်တည်း လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရေး မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပေါက်တောမြို့နယ် လေပြင်းဒဏ်သင့်အိမ်ထောင်စုများအတွက် ဆန်အိတ်များ၊ ကြက်ခြေနီ ကယ်ဆယ်ရေးပစ္စည်းများ၊ ဆေးဝါးများ၊ အဝတ်အထည်များနှင့် လူသုံးကုန်ပစ္စည်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပေါက်တောမြို့ မြို့နယ်ဆေးရုံ၏ လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ ဓာတ်ခွဲခန်းနှင့် သံဃာဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် လေပြင်းတိုက်ခတ်မှုဒဏ်သင့်မြို့နယ်များသို့ ဒုတိယအကြိမ်ရန်ပုံငွေနှင့် ပစ္စည်းများလှူဒါန်းပွဲကို ဇွန် ၇ ရက် မွန်းလွဲပိုင်းတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

**နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၇ ရက်က ပေါက်တောမြို့နယ် လေပြင်းဒဏ်သင့် အိမ်ထောင်စုများအတွက် ဆန် အိတ် များ၊ ကြက်ခြေနီ ကယ်ဆယ် ရေး ပစ္စည်းများ၊ ဆေးဝါးများ၊ အဝတ် အထည် များနှင့် လူသုံးကုန်ပစ္စည်း များ ကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအား ပေးအပ်စဉ်။ (သတင်းစဉ်)**

ရောက်ရှိကြရာ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ကြည်က ဆိပ်ကမ်းတံတား၌ ကမ်းရိုးတန်းသွားသင်္ဘောများဆိုက်ကပ်မှုအခြေအနေကိုလည်းကောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဋ္ဌေးက အမှတ်(၁)ဆိပ်ကမ်းတံတား ပြုပြင်မွမ်းမံခြင်းလုပ်ငန်းနှင့် စစ်တွေ ဖောင်တော်ကြီးတံတားသစ် ပြန်လည်တည်ဆောက်ရန်လုပ်ငန်းကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များမှာကြားပြီး အမှတ်(၁)ဆိပ်ကမ်းတံတား၏အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကမ်းနားလမ်းနှင့် တံတားများ၏အခြေအနေကို စစ်တွေမြို့ ရှုခင်းသာပွိုင့်အထိ မော်တော်ယာဉ်များဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် စစ်တွေတက္ကသိုလ်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ရုံးသို့ရောက်ရှိကြရာ စစ်တွေတက္ကသိုလ်ပါမောက္ခချုပ် ဦးဝမ်းတင်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြ၊ သရုပ်ပြများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ပါမောက္ခချုပ်ဦးဝမ်းတင်က စစ်တွေတက္ကသိုလ်၏ နောက်ခံသမိုင်း၊ ဖွင့်လှစ်ထားသောသင်တန်းများ၊ သင်ကြားပို့ချလျက်ရှိသော အထူးပြုဘာသာရပ်များ၊ ကျောင်းသားဦးရေ၊ ကွန်ပျူတာ ၁၁၉ လုံး အသုံးပြုသင်ကြားလျက်ရှိသော IT စာသင်ခန်းများအခြေအနေ၊ ခန့်ထားပြီးဝန်ထမ်းအင်အား

## လှည့်လည်ကြည့်ရှု

ထို့နောက် မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ်(စစ်တွေ)၏ ပင်မသုံးထပ်ဆောင်တည်ဆောက်မှုလုပ်ငန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တည်ဆောက်ရေးအင်ဂျင်နီယာနှင့် တာဝန်ခံတို့က ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။ ထိုမှတစ်ဆင့် စစ်တွေမြို့ ဧည့်ရိပ်သာသို့ ရောက်ရှိကြသည်။

## ဖူးမြော်ကြည်ညို

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ လောကာနန္ဒာစေတီတော်သို့သွားရောက်၍ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဖူးမြော်ကြည်ညိုသည်။

## ပေးအပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စကြာမုနိဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ထိုမှတစ်ဆင့် စစ်တွေမြို့ ဧည့်ရိပ်သာသို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

**အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၇ ရက်က ပေါက်တောမြို့နယ်ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)**

## ဝါဆိုသင်္ကန်း ဆက်ကပ်မည်

**ရန်ကုန် ဇွန် ၈**

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် အင်းစိန်လမ်းမကြီး အမှတ်(၆)ရှိ မဟာစည်သြဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာ (၂၄) ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၃၁ ရက်၊ ဒုတိယဝါဆို လပြည့်နေ့၌ ကျင်းပမည်ဖြစ်ရာ သင်္ကန်းတစ်စုံလျှင် ကျပ် ၂၀၀၀ ဖြစ်စေ၊ မိမိ နှစ်သက်ရာ သင်္ကန်းကိုဖြစ်စေ၊ သံဃာတစ်ပါး ဆွမ်းစရိတ် ကျပ် ၅၀၀ ဖြစ်စေ၊ ယောဂီဥပုသ်သည် ဆွမ်းစရိတ်ကျပ် ၁၀၀၊ ထီး၊ ဖိနပ်၊ ဆေးဝါးပစ္စည်း လေးပါးစသည်တို့ကို အဆိုပါ ရိပ်သာ ဖုန်း-၆၄၂၂၁၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

## သားငါးပွံ့ပြိုး ပြည်အကျိုး

# မေတ္တာရေစင်

### ဦးမောင်မောင်စိုးတင့် (အငြိမ်းစားသံအမတ်ကြီး)

စမ်းချောင်းလေးဆိုတာ ချောင်းများပမာ မိုးရွာစဉ်တောင်ကျရေဖြင့် အင်တိုက်အားတိုက် ဒလဟော စီးဆင်းနိုင်အားမရှိပါ။ မြစ်ကြီးပမာ အပြောကျယ် ရှည်လျားစွာဖြင့် ပင်လယ်အထိ စီးဆင်းနိုင်စွမ်းလဲမရှိပါ။ စမ်းချောင်းဟူသည် တစိမ့်စိမ့်နှင့်အေးမြကြည်လင်စွာ၊ ငြိမ်းချမ်းစွာ စီးဆင်းလေ့ရှိပါတယ်။ ပင်ပန်း နွမ်းနယ်နေတဲ့ ခရီးသည်များဟာ စမ်းချောင်းလေးနံဘေးမှာ အနားယူပြီး အမောပြေ စမ်းရေအေးကို သောက်သုံးလေ့ရှိပါတယ်။ စမ်းချောင်းလေးက သေးငယ်ပေမယ့် ဒီလိုခရီးပန်းပြီး နွမ်းနယ်နေသူများကို သူ့အတိုင်းအတာနဲ့ သူ ကူညီအကျိုးပြုရှာပါတယ်။

မေတ္တာရေစင် ဇီဝိတဒါနလုပ်ငန်းဟာလဲ စမ်းချောင်းလေးလိုပါပဲ။ ကျွန်တော်တို့ စိတ်တူသဘောတူ ဆွေမျိုးမိတ်ဆွေများစုပေါင်းပြီး မိမိတို့တတ်စွမ်းနိုင်သမျှ ဆေးဖိုးများကို အခါအားလျော်စွာ စုစည်းကြပါတယ်။ ပြီးတော့ဆေးရုံတက်ပြီး ကုသနေရှာတဲ့ ဆင်းရဲနွမ်းပါးတဲ့ ဝေဒနာရှင်လူနာများကို စေတနာရှင်များကိုယ်တိုင် သွားရောက်ပြီး ဆေးဖိုးများကူညီပံ့ပိုးကြပါတယ်။ ဆင်းရဲနွမ်းပါးသူများအတွက် ဆေးရုံတက်ကုသနေစဉ် နာတဲ့ဒုက္ခအပြင်၊ ငွေရေးကြေးရေး အဆင်မပြေတဲ့ဒုက္ခ၊ လူမှုရေးဒုက္ခစတဲ့ ဒုက္ခပေါင်းစုံနဲ့ ကြုံတွေ့ရရှာပါတယ်။ ဒီအချိန်မှာသူတို့ကို မေတ္တာစေတနာထားပြီး ကိုယ်တိုင် လာရောက်အားပေး ကူညီသူများ တွေ့ရတဲ့အခါ သူတို့အဖို့ အားဆေးတစ်မျိုးပင် ဖြစ်ပါတယ်။ တချို့လူနာများဆိုလျှင် ဝမ်းသာကြည်နူးပြီး မျက်ရည်များပင် လည်ကြရှာပါတယ်။ မေတ္တာစမ်းချောင်းလေးဆီက အေးမြတဲ့ရေကြည်ကို သောက်သုံးရပြီး အမောပြေသွားသလိုပါပဲ။

ဒီမေတ္တာရေစင် ဇီဝိတဒါနလုပ်ငန်းကို ကျွန်တော်တို့ ၁၉၉၇ ခုနှစ် ဇူလိုင် ၁၅ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ စတင်ခဲ့ရာ အခုဆိုရင် ခုနစ်နှစ်အတွင်း ရောက်ရှိလာပါပြီ ခုနစ်နှစ်တာကာလအတွင်း ကျွန်တော်တို့ မေတ္တာရေစင် မိတ်ဆွေများဟာ ရန်ကုန်ဆေးရုံကြီး၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ မြောက်ဥက္ကလာပဆေးရုံ၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံ၊ ရန်ကုန်အနောက်ပိုင်းဆေးရုံ၊ သဃ်န်းကျွန်းစံပြဆေးရုံ၊ မျက်စိ၊ နား၊ နှာခေါင်းဆေးရုံ၊ ကလေးအထူးကု ဆေးရုံ၊ စိတ်ကျန်းမာရေးအထူးကုဆေးရုံနဲ့ တိုင်းရင်းဆေးပညာဆေးရုံတွေဆီကို သွားရောက်ပြီး ဆင်းရဲနွမ်းပါးတဲ့ ဝေဒနာရှင်လူနာများကို ကိုယ်တိုင်အားပေးကာ ဆေးဖိုးများ လှူဒါန်းခဲ့ပါတယ်။ ရန်ကုန်ဆေးရုံကြီး၊ ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးနဲ့ မြောက်ဥက္ကလာပဆေးရုံတွေမှာ စက်ရေတွင်တစ်တွင်းစီ လှူဒါန်းခဲ့ပါတယ်။

ကျွန်တော်တို့အဖွဲ့ဟာ ၁၂-၅-၂၀၀၄ ရက်နေ့ နံနက်က ရန်ကုန်အရိုး အထူးကု ဆေးရုံမှာ မေတ္တာရေစင်ဇီဝိတဒါနလုပ်ငန်း၏ (၁၈)ကြိမ်မြောက် အလှူကို ပြုလုပ်ခဲ့ပါတယ်။ မေတ္တာရေစင် စေတနာရှင်များဖြစ်ကြတဲ့ ဦးဝင်းအောင်-ဒေါ်နေမြတ်သူအောင် တို့က ကျပ်တစ်သိန်း၊ ဒေါ်မြင့်မြင့်စိန်နဲ့ သားသမီးများက ကျပ်တစ်သိန်း၊ ဦးကောင်း-ဒေါ်ညွန့်ညွန့်တို့က ကျပ်ငါးသောင်း၊ ဦးဉာဏ်မြင့်-ဒေါ်ဝေဝေတို့က ကျပ်ငါးသောင်း၊ ဦးစုလှိုင်-ဒေါ်ရှုခင်တို့က ကျပ်ငါးသောင်း၊ ဦးဇော်ဝင်းထွဋ်-ဒေါ်မေခိုင်တို့က ကျပ်ငါးသောင်၊ ဦးရဲထွဋ်-ဒေါ်သီတာတို့က ကျပ်ငါးသောင်း၊ ဦးသိန်းနိုင်-ဒေါ်ကြည်ကြည်တင်တို့က ကျပ်ငါးသောင်း၊ ဦးမောင်မောင်စိုးတင့်-ဒေါ်ခင်ကြည်နဲ့ သားသမီးများက ကျပ်ငါးသောင်း၊ ဦးရဲမြင့်ထွန်း-ဒေါ်မေမေသက်တို့က ကျပ်သုံးသောင်း၊ ဦးစောစိန်-ဒေါ်မေခင်အုန်း တို့က ကျပ်နှစ်သောင်း ငါးထောင်၊ ဦးသိန်းထွန်းအောင်-ဒေါ်သူဇာသိန်းတို့က ကျပ်နှစ်သောင်း၊ တေးသံရှင် ရင်ဂိုက ကျပ်နှစ်သောင်း၊ ဗိုလ်မှူးခင်မောင်ရီ-ဒေါ်တင်တင်မြင့်တို့က ကျပ်တစ်သောင်း၊ ဒေါ်မို့မို့စိုးနဲ့ မိတ်ဆွေများက ကျပ်နှစ်သောင်း၊ ဒေါ်စိန်စိန်နဲ့ မိသားစုတို့က ကျပ်ငါးထောင်၊ ဦးစိန်ထွန်း-ဒေါ်ခင်လှတို့က ကျပ်ငါးထောင်အသီးသီး ပါဝင်လှူဒါန်းကြပါတယ်။ စေတနာရှင်များကိုယ်တိုင် ဝေဒနာရှင်လူနာ ၁၀၉ဦးကို တွေ့ဆုံပြီး အလှူငွေကျပ်ငါးထောင်စီကို လက်ဝယ်အရောက် ပေးအပ်ကြပါတယ်။ ဆေးရုံကြီး ဆေးပဒေသာပင်အတွင်း ကျပ်တစ်သိန်းလေးသောင်း ထည့်ဝင်လှူဒါန်းခဲ့ကြပါတယ်။ စေတနာရှင်နဲ့ ဝေဒနာရှင်တို့ဟာ ဝမ်းသာကြည်နူးမှုများကို နှစ်ဦးနှစ်ဖက်စလုံး ခံစားကြရပါတယ်။

အရိုးအထူးကုဆေးရုံကြီးသို့ သွားရောက်လှူဒါန်းရာမှာ ကုသိုလ်ရတဲ့အပြင် ဗဟုသုတလဲ ရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းမှ အရိုးရောဂါနဲ့ပတ်သက်တဲ့ လူနာတွေ တက်ရောက်ကုသနေကြပါတယ်။ နိုင်ငံခြားမှာလို ဒီဆေးရုံကြီးမှာလဲ ခွဲစိတ်ပြီး အရိုးအစားထိုးခြင်းကို အောင်မြင်စွာ ကုသနိုင်ကြောင်း တွေ့ရှိရပါတယ်။ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်နဲ့ ဆရာဝန်ကြီးတွေဟာ ပြင်သစ်မှ လာရောက်လုပ်အားပေးနေတဲ့ ပါမောက္ခပတေးတို့နဲ့ လက်ရည်တူ ခွဲစိတ်ကုသနိုင်ကြပါတယ်။ အခုလက်ရှိ ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်လှိုင်ဟာ မန္တလေးမြို့ ရေနံ့သာအနာကြီးအထူးကုဆေးရုံကြီးမှာ ဆေးရုံအုပ်ကြီးအဖြစ် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ပြီး ရောဂါသည်များကို ကိုယ်တိုင်ကိုယ်ကျ ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရပါတယ်။

**အလှူဒါနဆိုတာ အလှူငွေနဲ့ပစ္စည်း နည်းတယ်များတယ် အဓိကမဟုတ်ပါ။ မေတ္တာနဲ့စေတနာသာ အဓိကဖြစ်ပါတယ်။ အထူးလိုအပ်နေသူများကို လိုအပ်သည့်အချိန်၌ လှူဒါန်းထောက်ပံ့ခြင်းဟာ များစွာအကျိုးထူးပါတယ်။ အထူးသဖြင့် အိုဘေး၊ နာဘေးကြုံတွေ့နေတဲ့ ဆင်းရဲနွမ်းပါတဲ့ လူနာများကို ကူညီပံ့ပိုးခြင်းဟာ မွန်မြတ်တဲ့ အလှူဒါနဖြစ်ပါတယ်။ မိမိတို့ရဲ့ အနီးပတ်ဝန်းကျင်မှာရှိတဲ့ ဆင်းရဲနွမ်းပါးသူများအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးဆိုင်ရာ ကူညီပံ့ပိုးမှုများကို မြို့နယ်၊ မြို့ရွာ၊ ရပ်ကွက်အလိုက် စည်းရုံးဆောင်ရွက်သွားနိုင်တာနဲ့အမျှ လူ့ဘောင်အဖွဲ့အစည်းများဟာ ပိုမို၍အဆင်ပြေတိုးတက် သာယာလာပါလိမ့်မယ်။ နိုင်ငံတော်ရဲ့ လူမှုရေးဦးတည်ချက်တစ်ရပ်ဖြစ်တဲ့ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရာလဲ ရောက်ပါတယ်။ ကျွန်တော်တို့လူမျိုးရဲ့ လူမှုရေး လိုအပ်ချက် ကွက်လပ်များကို ကျွန်တော်တို့ လူမျိုးများကိုယ်တိုင် ဖြည့်ဆည်းပေးရန် တာဝန်ရှိပါတယ်။ အစိုးရမဟုတ်တဲ့ လူမှုရေးအဖွဲ့အစည်းများကို တက်ကြွကျယ်ပြန့်စွာ ဖွဲ့စည်းဆောင်ရွက်နေကြတာဟာ အထူးအားတက်စရာပဲ ဖြစ်ပါတယ်။**

အခြားနိုင်ငံများမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများကလဲ မြန်မာနိုင်ငံသို့ လာရောက်၍ ကျန်းမာရေး၊ ပညာရေးကဏ္ဍများတွင် ကူညီပံ့ပိုး ဆောင်ရွက်နေကြတာ တွေ့ရှိရပါတယ်။

ဝမ်းသာစရာလဲ ကောင်းပါတယ်။ အားကျစရာလဲ ကောင်းပါတယ်။ ကျွန်တော်တို့အလှူရှင်၊ စေတနာရှင်များနဲ့ လူငယ်လူရွယ်များကလဲ မိမိလူမျိုးအတွက် လူမှုရေးအဖွဲ့အစည်းများဖွဲ့စည်းပြီး ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ကြဖို့ အကြံပြုတိုက်တွန်းအပ်ပါတယ်။ ကျွန်တော်တို့ပြည်သူများအတွက် ကျွန်တော်တို့ ကိုယ်တိုင် ကြိုးစားဆောင်ရွက်ကြဖို့ ဖြစ်ပါတယ်။ နိုင်ငံခြားမှ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများဟာ ရည်မှန်းချက်ပေါင်းစုံဖြင့် လာရောက်ကြခြင်း ဖြစ်ပါတယ်။ တချို့က တကယ့်စေတနာနှင့် လာရောက်ခြင်းဖြစ်ပါတယ်။ တချို့က သူတို့ ဘာသာရေးအတွက် စည်းရုံးကြရန် လာခြင်းဖြစ်ပါတယ်။ တချို့က ဤလုပ်ငန်းများကို မှီ၍အသက်မွေးဝမ်းကျောင်းရန်အတွက် လာရောက်ကြခြင်း ဖြစ်ပါတယ်။ ဒါတွေကိုလဲ ကျွန်တော်တို့ ကြိုတင်သိထားသတိထားဖို့ လိုအပ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ မေတ္တာရေစင်ရဲ့လုပ်ငန်းကို တိုးချဲ့ဖို့ကြံစည်ထားပါတယ်။ ရန်ကုန်ဆင်ခြေဖုံးမြို့နယ်များသို့ အလှည့်ကျသွားရောက်ပြီး ဆင်းရဲနွမ်းပါးတဲ့လူနာများကို ကုသပေးနိုင်ရန် နယ်လှည့်ဆေးခန်း(Mobile Clinic) ဖြစ်မြောက်ရေးအတွက် ကြိုးစားဆောင်ရွက်နေပါတယ်။ မေတ္တာစေတနာရှင် လုပ်ငန်းရှင်များနဲ့ တက်ကြွတဲ့လူငယ်လူရွယ်များရဲ့ အားပေးကူညီမှုအပေါ် ဤလုပ်ငန်းဖြစ်မြောက်ရေးဟာ အဓိကတည်မှီနေပါတယ်။ ဤနယ်လှည့်ဆေးခန်း ကားပေါ်တွင် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး ဗဟုသုတပေးနိုင်ရန် စာကြည့်တိုက်ကလေးလဲ တွဲဖက်ဖွင့်ထားဖို့ ရည်ရွယ်ပါတယ်။ ဖြစ်မြောက်ရေး အတွက် အားပေးကူညီကြပါရန် ပန်ကြားအပ်ပါတယ်။

နိုင်ငံနှင့် လူမျိုး အကျိုးစီးပွားအတွက် မေတ္တာ၊ စေတနာအရင်းခံပြီး ဆောင်ရွက်ကြပါလျှင် ဖြစ်မြောက်အောင်မြင်ရမည်ဟု ကျွန်တော်တို့ယုံကြည်ထားပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

## ရွှေတိဂုံစေတီတော် ဘက်စုံပြုပြင်ရန်ငွေလှူဒါန်း

**ရန်ကုန် ဇွန် ၈**

ရွှေတိဂုံစေတီတော်မြတ်ကြီး ထာဝရဘက်စုံပြုပြင်မှု လုပ်ငန်းများအတွက် ရန်ကုန်မြို့ ဝေနေယျသုခရေချမ်းစင်အသင်း(၉၉)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် အလှူတော်ငွေ ကျပ်ငါးသိန်းကို ဂေါပကအဖွဲ့သို့ ထပ်မံလှူဒါန်းရာ ယခုအခါ စုစုပေါင်းငွေကျပ် ၄၈သိန်း လှူဒါန်းပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### နိုးကြားသည်မှာအမှန် အကျိုးကား ပြည်သာရန်

* ခမ်းနားမြင့်မြတ်၊ အနာဂတ်ကို ထင်ဟပ်ဖော်ဆောင်၊ တို့တည်ထောင်ရန် ညီနောင်သွေးရင်း၊ ပြည်သားချင်းတို့ ရှိင်းပင်းညီညာ၊ စုစည်းပါလျက် ညိုကာ နှိုင်းကာ၊ အဖြေရှာသည့် သာယာသစ်လွင်၊ ညောင်နှစ်ပင်စခန်း ကြည်လင်ချမ်းမြ၊ ထို၌ကနဦ မြန်မာ့သွေးသား၊ အကျိုးများမည့်

– အမျိုးသားညီလာခံ
– နိုးကြားသည်မှာ အမှန်
– အကျိုးကား ပြည်သာရန်

စီမံဆောင်ရွက်နေပြီတည်း။ ။

**ရန်နိုင်ဦး**

၂၀၀၄ ခုနှစ် ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူးရုံး ရဲကျင့်ဝတ်နှင့် စံပြုရဲ ရွေးချယ်ရေးစာမေးပွဲကို ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူးရုံး (ရန်ကုန်)၊ ဒုတိယကွပ်ကဲရေးမှူးရုံး(စစ်တွေ)၊ ဒုတိယကွပ်ကဲရေးမှူးရုံး (မန္တလေး)စာစစ်ဌာနသုံးခု၌ ဇွန် ၅ ရက်နှင့် ၆ ရက်များတွင် တစ်ပြိုင်တည်း ကျင်းပရာ ကွပ်ကဲရေးမှူး၊ဒုတိယကွပ်ကဲရေးမှူးတို့က လှည့်လည်စစ်ဆေးကြစဉ်။ (က-ပ)

## ILBC Cup ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇွန် ၈**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ်က ကြီးမှူး၍ ILBC ကျောင်းမှ အဓိကပံ့ပိုးသည့် ILBC Cup ပိုက်ကျော်ခြင်း Regu ပြိုင်ပွဲကို ဇွန် ၂၇ရက်မှ ၃၀ရက်အထိ သုဝဏ္ဏရှိမြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်လေ့ကျင့်ရေးရုံတွင် ကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် အသင်းများသည် ဇွန် ၂၆ရက် ညနေ ၄နာရီထက် နောက်မကျဘဲ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်(သုဝဏ္ဏ)သို့ ဝင်ကြေး ကျပ်တစ်ထောင်ပေးသွင်း ယှဉ်ပြိုင်နိုင်ပြီး ပိုက်ကျော်ခြင်းဝါသနာရှင်များအနေဖြင့် အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

မြောက်ဥက္ကလာပမြို့နယ် အခြေခံပညာ အလယ်တန်းကျောင်း အမှတ်(၈)၏ အလယ်တန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲကို ဇွန် ၅ ရက်က မဏ္ဍူသကခန်းမတွင် ပြုလုပ်ရာ အဋ္ဌမတန်းကျောင်းသူလေးနှစ်ဆက်တိုက် ပထမဆုရ မထက်ထက်အား ကျောင်းအုပ်ဆရာကြီး ဦးထွန်းညွန့်က သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။

(က-ပ)

## စမ်းချောင်းလမ်း ၁၀ရက်တရားစခန်းဖွင့်မည်

**ရန်ကုန် ဇွန် ၈**

ကျေးဇူးတော်ရှင်လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာ သက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင်သမထ ဝိပဿနာအလုပ်ပေး တရားတော်မြတ်ကို ကမ္မဋ္ဌာန်းဆရာ ဦးကျော်နိုင်ထွန်းက ဇွန် ၁၅ ရက်မှ ၂၄ ရက်အထိ မွန်းတည့် ၁၂နာရီမှ ညနေ ၅နာရီအထိ အမှတ်၂၉၊ ဒုတိယလွှာ၊ စမ်းချောင်းတွင် ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆို လာရောက် အားထုတ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

*စာမျက်နှာ ၃ မှ*

စိတ်ဓာတ်ပြည်ထောင်စုစိတ်ဓာတ်မွေးပြီး တစ်ဦးနှင့်တစ်ဦးမေတ္တာ၊ ကရုဏာ စိတ်ဖြင့်စိတ်ကောင်းစေတနာကောင်းထားရှိတတ်သည့် ဖြူစင်မွန်မြတ်သော စိတ်ထားမွေးကြသည့် အစဉ်အလာကောင်းများကြောင့်သော်လည်းကောင်း၊ မေတ္တာတရားများ ထားရှိမှုကြောင့် သော်လည်းကောင်း ပြင်းထန်သော အန္တရာယ် ကျရောက်မှုလည်းနည်းပါးခဲ့ခြင်းဖြစ်ကြောင်း၊ ယခုသဘာဝဘေးဒဏ်ခံကြရသည့် မြို့နယ်များမှာအထူးသဖြင့် စစ်တွေ၊ ပေါက်တော၊ ကျောက်ဖြူ၊ မြေပုံလေးမြို့နယ်တို့တွင် လေဒဏ်မိုးဒဏ် ခံခဲ့ကြရကြောင်း၊ နိုင်ငံတော်အဆောက်အအုံများဖြစ်ကြသည့် စာသင်ကျောင်း၊ ဆေးရုံများ အမိုးလန်ကြကြောင်း၊ ပုစွန်ကန်နှင့် ဆားကွင်းအချို့၊ ကျွဲနွားများအချို့နှင့် လှေ၊ စက်လှေအချို့ဆုံးရှုံးခဲ့ရကြောင်း ကိုသိရှိရပါကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းတွင် တိုင်းရင်းသားများစုစည်းနေထိုင်လျက် ရှိကြသည်နှင့်အညီ တိုင်းရင်းသားများသည်လည်းညီအစ်ကိုမောင်နှမများပင်ဖြစ်သကဲ့သို့ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီမှု အရင်းခံကာ ရေးအဆက်ဆက်ကပင် စုစည်းနေထိုင်ဆက်ဆံလျက်ရှိကြောင်း။

### ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်

ပြည်ထောင်စုကြီးအတွင်း တစ်နေရာရာတွင် အကြောင်းကိစ္စတစ်ရပ်ပေါ်ခဲ့လျှင်ကျန်ပြည်နယ်၊ ဒေသများက ဝိုင်းဝန်းကူညီ ပံ့ပိုးစောင့်ရှောက်ပေးခဲ့ကြကြောင်း၊ နိုင်ငံတော်အစိုးရကလည်း ဦးဆောင်စီမံမှုဖြင့် လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးခဲ့သည့် အစဉ်အလာရှိကြောင်း၊ ဤသည်မှာ ပြည်ထောင်စုကြီး၏ ထုံးတမ်းစဉ်လာပင်ဖြစ်ကြောင်း။

ယခု ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးက လေပြင်းတိုက်ခတ်မှုဒဏ်သင့် ကယ်ဆယ်ရေးလုပ်ငန်းများကို မြန်မြန်ဆန်ဆန်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဗဟိုကလည်း သက်ဆိုင်ရာဝန်ကြီးဌာနမှ ဝန်ကြီး၊ ဒုတိယဝန်ကြီးများ အမြန်စေလွှတ်ပြီး လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း။

ယနေ့လည်း မိမိအနေဖြင့် ရန်ကုန်မြို့မှ စေတနာရှင်များအား ဖိတ်ခေါ်လာခဲ့ပြီး လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးရန် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ယင်းအလှူရှင်များ၏ ယနေ့လှူဒါန်းငွေမှာ ကျပ်သိန်းပေါင်း သုံးထောင်ကျော်ဖြစ်ကြောင်း၊ ဤသည်မှာ မိမိတို့၏ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများသည် မိမိတို့၏ ညီအစ်ကို မောင်နှမတွေပဲ၊ တစ်ဦးဒုက္ခရောက်ရင် တစ်ဦးက ကူညီရမယ်ဆိုသည့် မိသားစုစိတ်ဓာတ်နှင့် လာရောက်ကူညီကြခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံသည် မေတ္တာတရားရှိတဲ့ တိုင်းပြည်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရှိတဲ့တိုင်းပြည်၊ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ဖြစ်ထွန်းရာ တိုင်းပြည်ဖြစ်ပါကြောင်း။

### ပြည်ထောင်စုစိတ်ဓာတ်

မိမိတို့ ညီအစ်ကိုမောင်နှမ တိုင်းရင်းသားများဆီကို အရောက်လာပြီး မိသားစုစိတ်ဓာတ်ဖြင့် ကူညီပံ့ပိုးခဲ့ကြခြင်းဖြစ်ကြောင်း၊ ယနေ့ လှူဒါန်းမှုတွင် ရှမ်းပြည်နယ်၊ ကချင်၊ ကရင်၊ ကယား၊ မွန်၊ တနင်္သာရီ၊ ပဲခူး၊ မန္တလေး၊ ဧရာဝတီ စသည့် ပြည်နယ်၊ တိုင်းများအားလုံးကပါ လှူဒါန်းခဲ့ကြကြောင်း၊ ဤသည်မှာ မိမိတို့၏ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများ အချင်းချင်း တစ်ဦးအခက်အခဲကြုံလျှင် တစ်ဦးက ပါဝင်ကူညီ ဖြည့်ဆည်းပေးရမည်ဆိုသည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်ကူညီခဲ့ကြခြင်းဖြစ်ကြောင်း။

ယနေ့အချိန်အခါသည် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းတည်ဆောက်နေသည့် အချိန်အခါဖြစ်သည်နှင့်အညီ ပြည်ထောင်စုကြီးမှာလည်း တဖြည်းဖြည်းချင်းတိုးတက်လာနေသည်ကိုတွေ့ရှိရမှာဖြစ်ကြောင်း၊ သို့သော်လည်း အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက တိုးတက်မှုနှေးကွေးနေသေးသည်ကိုတွေ့မြင်ရမှာဖြစ်ကြောင်း၊ ဤသည်မှာလည်း အနောက်နိုင်ငံအချို့က မိမိတို့နိုင်ငံအပေါ် စီးပွားရေးအရ၊ နိုင်ငံရေးအရ ဖိအားပေးနေခြင်းကြောင့် တိုးတက်မှုနှေးကွေးနေခြင်းဖြစ်ကြောင်း။

### ပိုမိုဖြစ်ထွန်း

ရခိုင်ပြည်နယ်အတွက် နိုင်ငံတော်အစိုးရက လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရန် ရှည်လျားလှသည့် ကားလမ်းများဖောက်လုပ်ပေးခဲ့ကြောင်း၊ အကြီးဆုံးတံတားကြီးများနှင့် အလတ်၊ အသေးစားတံတားများစွာကိုလည်း တည်ဆောက်ပေးခဲ့သဖြင့် စစ်တွေ-ရန်ကုန်ကားလမ်း ဥဒဟိုပေါက်နေပြီဖြစ်ကြောင်း၊ စစ်တွေက ရေထွက်ကုန်ပစ္စည်းများကို ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့ပင် တင်ပို့ရောင်းချနိုင်နေပြီဖြစ်ကြောင်း၊ပြည်သူအချင်းချင်း ဆက်သွယ်ဆက်ဆံမှုများလည်း ပိုမို ဖြစ်ထွန်းနေကြပြီဖြစ်ကြောင်း။

အလားတူ တယ်လီဖုန်းဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြစ်ထွန်းအောင်မြင်စေရအောင် လိုအပ်ချက်များကို နိုင်ငံတော်က များစွာ ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရက ပြည်ထောင်စုအတွင်းရှိ ဒေသများအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးကို ဦးတည်ပြီး လိုအပ်လျှင်လိုအပ်သလိုစီမံဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

### တက်ညီလက်ညီဆောင်ရွက်

မိမိတို့ဆောင်ရွက်ချက်များသည် ပြည်ထောင်စုကြီး၏အရေးကြီးလှသည့် အနာဂတ်ကို ဖော်ဆောင်ပေးမည့် နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ်ကို များစွာအထောက်အကူပြုစေမှာဖြစ်ကြောင်း၊ ပြည်ထောင်စုကြီးထာဝရခိုင်မြဲရမည်ဆိုသည့် ခိုင်မာသည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အားလုံး တက်ညီလက်ညီဆောင်ရွက်ကြရေးမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

**ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မောင်ဦး ဇွန် ၇ ရက်က ရခိုင်ပြည်နယ်လေပြင်းဒဏ်သင့် မြို့နယ်များသို့ ဒုတိယအကြိမ် အလှူငွေနှင့် ပစ္စည်းများလှူဒါန်းပွဲ အခမ်းအနားတွင် လေပြင်းဒဏ်ကြောင့် ရခိုင်ပြည်နယ် စစ်တွေ၊ ပေါက်တော၊ မြေပုံနှင့် ကျောက်ဖြူမြို့နယ်များ၌ ပျက်စီးဆုံးရှုံးမှုအခြေအနေနှင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြစဉ်။**

**(သတင်းစဉ်)**

● *အမျိုးသားညီလာခံမှ*

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက သဘာပတိအဖြစ်ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး(၁) ဦးခင်မောင်မြင့်က ဆောင်ရွက်သည်။

### ဖြည့်စွက်ဆွေးနွေး

ရှေးဦးစွာ သဘာပတိအမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးအေးမောင်နှင့် အတွင်းရေးမှူး ဦးသောင်းညွန့်တို့က လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင်များက အစုအဖွဲ့အလိုက် လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေး အာဆီယံဆိုင်ရာအစည်းအဝေးများတက်ရောက်ရန် ဖိလစ်ပိုင်သို့ထွက်ခွာ

ရန်ကုန် ဇွန် ၈

**စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေးသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ၌ ဇွန် ၉ရက်တွင် ကျင်းပမည့် (၂၂)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေး၊ ပထမအကြိမ်အာဆီယံနှင့် ဆွေးနွေးဘက်(၃)နိုင်ငံတို့၏ စွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် ဇွန် ၁၀ရက်တွင်ကျင်းပမည့် ဆဋ္ဌမအကြိမ် အာဆီယံစွမ်းအင် လုပ်ငန်းများအစည်းအဝေး၏ စွမ်းအင်ဝန်ကြီးများတွေ့ဆုံပွဲသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။**

**ပို့ဆောင်နှုတ်ဆက်**

ဒုတိယဝန်ကြီးနှင့်အဖွဲ့အား စွမ်းအင်ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေးနှင့်အတူ အဖွဲ့ဝင်အဖြစ် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ ဒုတိယလက်ထောက် ညွှန်ကြားရေးမှူး ဦးတင်ဇော်မြင့်လည်း လိုက်ပါသွားသည်။ **(သတင်းစဉ်)**

# စာပေဗဟိုအတွေ့အကြုံ လှိုင်မြို့နယ်၌ရှင်းလင်း

**ရန်ကုန် ဇွန် ၈**

လှိုင်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယအကြိမ် နှစ်ပတ်လည် အစည်းအဝေးနှင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲကို ဇွန် ၆ရက် မွန်းလွဲ ၁နာရီက လှိုင်မြစ်လမ်းရှိ ပုညသီရိအောင်ချမ်းသာကျောင်းတိုက်၌ကျင်းပရာ သဘာပတိ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလွင်(မြင့်သူရ)နှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ(ရွှေစွန်ညို)တို့က အမှာစကားပြောကြားပြီး မြို့နယ်အလုပ်အမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို အတွင်းရေးမှူး ဦးမြင့်လွင်(မြင့်လွင်-ဂျပန်ဘာသာ)ကလည်းကောင်း၊ ဘဏ္ဍာရေးအခြေအနေကို ဘဏ္ဍာရေးမှူး ဒေါ်ခင်ခင်အေး(ဧဝတီခင်)ကလည်းကောင်း တင်သွင်းကာ အစည်းအဝေးက အတည်ပြုသည်။ ထို့နောက်ဗဟိုဦးစီးအဖွဲ့အစည်းအဝေး အတွေ့အကြုံများကို ဦးမြတ်စိုး(မြတ်စိုးလှိုင်)က ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# အရှင်ဇဝန (ပဲခူး)၏ဓမ္မသဘင်

**ရန်ကုန် ဇွန် ၈**

ဆရာတော် အရှင်ဇဝန(ပဲခူး)သည် ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် အဖျောက်မြို့ (၁၀၈)ကြိမ်မြောက် မလွန်ရေစက်ချ ဓမ္မသဘင်များဖြစ်သော ဇွန် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် အောက်ရေကံကုန်း၊ ၁၂ ရက်နှင့် ၁၃ ရက်နေ့တွင် ကျုံတလင်း၊ ၁၄ ရက်နှင့် ၁၅ ရက်နေ့တွင် ငါးလာချောင်း၊ ၁၆ ရက်နှင့် ၁၇ ရက်တွင် အဖျောက်မြို့(၄)ရပ်ကွက်၊ ၁၈ရက်တွင်(၂)ရပ်ကွက် မဟာသံတန်ဆောင်းတော်ကြီး ဓမ္မသဘင်တို့၌ ရေစက်ချတရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။ **(က-ပ)**

# ရခိုင်တန်ဆောင်းအသင်းစည်းဝေးမည်

**ရန်ကုန် ဇွန် ၈**

ရွှေတိဂုံစေတီတော်(စနေထောင့်) ရခိုင်တန်ဆောင်း ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း၏ (၄၅)ကြိမ်မြောက် သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေးနှင့် အထက်တန်းအောင်ပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၁၃ ရက် နံနက် ၉ နာရီတွင် အာဇာနည်ဗိမာန်လမ်း ဗဟန်းမြို့နယ် ရခိုင်ပြည်နယ် ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ အသင်းသူအသင်းသားများ တက်ရောက်ရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

❒ *ကျောဖုံးမှ*

**နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဝမြို့တွင် ၃ဒသမ၇၄ လက်မ၊ ကော့သောင်းမြို့တွင် ၃ဒသမ ၅၀လက်မ၊ ကျောက်ဆည်မြို့၌ ၂ဒသမ ၉၅လက်မနှင့် မော်လမြိုင်မြို့တွင် ၂ဒသမ ၇၆လက်မတို့ဖြစ်ကြောင်း သိရသည်။**

**ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအနည်းငယ်မှ အသင့်အတင့် ရှိနေသည်။**

**ဇွန် ၉ရက်၌ ညနေထိ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းတွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။**

(မြန်မာ့အလင်း)

**တောင်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့စခန်း တပ်ဖွဲ့ဝင် သားသမီးများအတွက် တက္ကသိုလ်၊ ထက်၊ လယ်၊ မူ ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ပွဲကို ဇွန် ၁ ရက်ကပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးတင်အောင်က စာရေးကိရိယာနှင့် ပညာသင်စရိတ်ငွေများကို စခန်းမှူးနုတင်သို့ ပေးအပ်စဉ်။** (က-ပ)


ကမ္ဘာ့သွေးလှူရှင်များနေ့

(၁၄-၆-၂၀၀၄)

**World Blood Donor Day**

**(14-6-2004)**

**အသက်သခင် သွေးလှူရှင် ကျေးဇူးတင်စရာ ဘဝတာ**

**Blood, a gift for life. Thank you.**

**ကျန်းမာရေးဝန်ကြီးဌာန**

✻ *ကျောဖုံးမှ*

ထွက်ခွာရန် အထုပ်အပိုးပြင်လျက်ရှိကြသည်။ ပြိုင်ပွဲအကြို ခြေစမ်းပွဲများကို မေ ၂၉ရက်မှ ဇွန်၆ရက်အထိ စုစုပေါင်း ၂၅ပွဲယှဉ်ပြိုင်ကစားခဲ့ကြရာ ပေါ်တူဂီ၊ အီတလီ၊ ချက်၊ စပိန်၊ဆွီဒင်၊ ခရိုအေးရှားနှင့် ပြင်သစ်တို့ ရလဒ်ကောင်းများပိုင်ဆိုင်နိုင်ခဲ့ကြသည်။

## ပြင်သစ်ရေပန်းစား

ယူရို၂၀၀၄ပြိုင်ပွဲကျင်းပရန်နီးကပ်လာသည်နှင့်အမျှ ဘောလုံးဝါသနာရှင်များကြားတွင် ဖိုလ်စွဲမည့်အသင်းမည်သူဖြစ်မည်ကို အချင်းချင်းမေးခွန်းထုတ်၍သဘောထားချင်းဖလှယ်လျက်ရှိကြသည်။ ယူရို ၂၀၀၄ ဘောလုံးပြိုင်ပွဲ နည်းပြ အီနာကီဆာယက်စ်က ယူရို ၂၀၀၄ ပြိုင်ပွဲတွင် ပြင်သစ်အသင်း ဖိုလ်စွဲနိုင်ကြောင်း ထင်ကြေးပေးပြောဆိုလိုက်သည်။ ပြင်သစ်အသင်းသည် ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အုပ်စုမှပင် ထွက်ခဲ့ရသော်လည်း ချန်ပီယံဆုကို ထိန်းသိမ်းနိုင်လောက်သည့် ခြေစွမ်းမျိုးကို ပိုင်ဆိုင်ကြောင်း၊ ပြင်သစ်အသင်း ဖိုလ်မစွဲခဲ့လျှင် ဂျာမနီ၊ အီတလီ၊ ပေါ်တူဂီနှင့် အင်္ဂလန်အသင်းများထဲမှ တစ်သင်းသင်း ဖိုလ်စွဲနိုင်ကြောင်း ပြောကြားခဲ့သည်။ စပိန်နည်းပြ အီနာကီဆာယက်စ်က စပိန်အသင်းကို ဖိုလ်စွဲနိုင်သည့် စာရင်းထဲ မထည့်ထားရာ ပြိုင်ဘက်များကို စပိန်အသင်းအား လျှော့တွက်စေလိုသည့် ယူနေကြသော နည်းပြများအနေဖြင့် ကစားသမားအချို့၏ ထိခိုက်ဒဏ်ရာရရှိမှုကြောင့် စိတ်မသက်မသာဖြစ်နေကြရသည်။ဟော်လန်အသင်း၏အထူးအားထားရသော အလယ်တန်းလူ ကလဲရင့်ဆီးဒေါ့ဖ်သည် အိုင်ယာလန်နှင့် ခြေစမ်းပွဲတွင် ပေါင်တွင်းကြောဒဏ်ရာရရှိသွားသဖြင့် နည်းပြဒစ်အက်ဒ်ဗိုကတ်အဖို့ အခက်တွေ့ သွားစေရသည်။ ကလဲရင့်ဆီးဒေါ့ဖ်ဒဏ်ရာကို ဓာတ်မှန်ရိုက်၍ စစ်ဆေးမည်ဖြစ်ရာ အချိန်မီ မသက်သာပါက အာဂျန်ရော်ဘင်နှင့် အစားထိုးဖွယ်ရှိသည်။

## ပြင်သစ်တိုက်စစ်မှူး

ပြင်သစ်အသင်းမှ တိုက်စစ်မှူး ထရက်ဇီဂေး (ဂျူဗင်းတပ်)သည် ဒက်ဆယ်လီသည် ဖီဖာ တစ်ရာပြည့် အထိမ်းအမှတ် ဘရာဇီးနှင့် ပြင်သစ် ချစ်ကြည်ရေးခြေစမ်းပွဲတွင် ရရှိခဲ့သော ဒူးဒဏ်ရာကြောင့် ကြံ့ခိုင်မှုအပြည့်အဝ မရှိဘဲဖြစ်နေသည်။ ဒက်ဆယ်လီသည် အပြီးသတ်လူစာရင်း၌ ပါဝင်နေသော်လည်း ပထမတာထွက်အသင်း၌ပါဝင်ကစားခွင့်မှာ မသေချာဘဲဖြစ်နေသည်။ နည်းပြ ဂျက်ဆန်တီနီက ဒက်ဆယ်လီ၏ဒဏ်ရာပျောက်ကင်းသက်သာမှုရှိမှသာ ပါဝင်ကစားခွင့်ရမှာဖြစ်ကြောင်း၊ ဒဏ်ရာအခြေအနေပေါ်တွင် အဓိကမူတည်နေကြောင်း ပြောကြားခဲ့သည်။

**မေ ၂၉ ရက်က အီတလီအသင်းမှ တိုက်စစ်မှူး ဖရန်စစ္စကိုတော့တီ(ဝဲ)အား ကစားဖော်များဖြစ်ကြသည့် ဗီယာရီ(အလယ်)၊ ဘတ်ဖွန်(ယာ) တို့နှင့်အတူ ပျော်ရွှင်စွာလေ့ကျင့်လျက်ရှိသည်ကို တွေ့ရစဉ်။**
**(ဓာတ်ပုံ-အင်တာနက်)**

တွင်ဖိုလ်စွဲနိုင်သည်ဟု ထင်ကြေးပေးသည့်အထဲတွင် ပြင်သစ်အသင်းက ထိပ်ဆုံးမှရပ်တည်နေသည်။

ယူရို ၂၀၀၄ ဘောလုံးပြိုင်ပွဲတွင် ဖိုလ်စွဲနိုင်သည်ဟု ထင်ကြေးပေးခြင်းခံရသောအသင်းများ၏ ရေပန်းစားမှုအဆင့်များမှာ ပြင်သစ်က အဆင့်(၁)၊ အီတလီက အဆင့်(၂)၊ ပေါ်တူဂီက အဆင့် (၃)၊ အင်္ဂလန်နှင့် စပိန်က အဆင့် (၄)၊ ဟော်လန်က အဆင့်(၅)၊ ချက်က အဆင့်(၆)၊ ဂျာမနီက အဆင့် (၇)၊ ဆွီဒင်နှင့်ဒိန်းမတ်က အဆင့် (၈)၊ ရုရှားက အဆင့်(၉)၊ ဂရိ၊ ခရိုအေးရှားနှင့်ဘူဂေးရီးယားတို့ကအဆင့်(၁၀)၊ ဆွစ်ဇာလန်က အဆင့်(၁၁)၊ လတ်ဗီးယားက အဆင့်(၁၂)တို့ဖြစ်ကြသည်။

## နည်းပြနုတ်ထွက်မည်

လက်ရှိချန်ပီယံပြင်သစ်အသင်း၏ နည်းပြ ဂျက်ဆန်တီနီသည် ပြင်သစ်အသင်း ဖိုလ်စွဲသည်ဖြစ်စေ၊ ဖိုလ်မစွဲသည်ဖြစ်စေ ယူရို ၂၀၀၄ ပြိုင်ပွဲအပြီးတွင် စာချုပ်သက်တမ်းကုန်ဆုံးပါကနုတ်ထွက်မည်ဟု ကြေညာထားသည်။ နည်းပြ ဂျက်ဆန်တီနီအား အင်္ဂလန်ကလပ်အသင်းဖြစ်သော တော့တင်ဟမ်ဟော့စပါးအသင်းက နည်းပြအဖြစ် တာဝန်ယူရန် သဘောတူခန့်အပ်လိုက်ပြီးနောက် ယခုကဲ့သို့ကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ ပြိုင်ပွဲကျင်းပရန် ရက်ပိုင်းအလိုတွင် နည်းပြ ဂျက်ဆန်တီနီ နုတ်ထွက်မည့်သတင်း ပေါ်ထွက်လာခြင်းသည် ပြင်သစ်အသင်း ဖိုလ်စွဲရန် ကြိုးစားမှုအပေါ် တစ်စုံတစ်ရာထိခိုက်နိုင်စရာရှိကြောင်း ဘောလုံးအကဲခတ်သူများက သုံးသပ်လျက်ရှိကြသည်။

## စပိန်နည်းပြထင်ကြေးပေး

အိမ်ရှင်ပေါ်တူဂီနှင့်အတူအုပ်စု(က)၌ပါဝင်လျက်ရှိသော စပိန်အသင်း၏ သဘောဖြင့်စိတ်ဓာတ် စစ်ဆင်ရေးလုပ်လိုဟန်ရှိသည်။

## ဟော်လန်အသင်း

ယူရို ၂၀၀၄ ပြိုင်ပွဲ အကြိုခြေစမ်းပွဲများတွင် အသင်းငယ်လေး ဖာရိုးကျွန်းစုကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်မှလွဲ၍ အိမ်ကွင်း၌ ဘယ်လ်ဂျီယံနှင့် အိုင်ယာလန်တို့ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးခဲ့သော ဟော်လန်အသင်းသည် ချက်နှင့်ဂျာမနီတို့ထက် ရေပန်းစားမှု ပိုမိုမြင့်မားနေဆဲဖြစ်သည်။ ဟော်လန်အသင်း၏အပြီးသတ် လူစာရင်း၂၃ဦးကို နည်းပြ ဒစ်အက်ဒ်ဗိုကတ်က အိုင်ယာလန်နှင့်ခြေစွမ်းပွဲအပြီးတွင် ထုတ်ပြန်ကြေညာလိုက်သည်။

ဟော်လန်အသင်းတွင် **(ဂိုး)** ဗန်ဒါဆား (ဖူဟမ်)၊ ဝါးထရော့စ် (ပီအက်စ်ဂျီ)၊ ဝက်စတာဗဲ့လ် (ဆိုစီဒက်)၊ **(နောက်တန်း)** ဖရန့်ဒီဘိုးဝါး (ရိန်းဂျားစ်)၊ ဘောမား (ပီအက်စ်ဂျီ)၊ ဗန်ဘရွန်ခရော့စ်(ဘာစီလိုနာ)၊ ကိုကူး (ဘာစီလိုနာ)၊ဟိုက်တီဂါ(အေဂျက်စ်)၊ ရိုင်ဇီဂါ (ဘာစီလိုနာ)၊ ဂျက်စတမ်း (အေစီမီလန်)၊ **(အလယ်တန်း)** ဘော့စမဲ့လ်(မန်စီးတီး)၊ အင်္ဂါဒေးဗစ် (ဘာစီလိုနာ)၊ ဆီးဒေါ့ဖ်(အေစီမီလန်)၊ ရှနိုက်ဒါ (အေဂျက်စ်)၊ ဗန်ဒါဗတ် (အေဂျက်စ်)၊ဇင်ဒင်း(မစ်ဒယ်ဘရော့)၊ **(ရှေ့တန်း)** ဗန်ဟူးဒွန့်ချ်(ဖီနာဘာချီ)၊ ကလွိုက်ဗက်(ဘာစီလိုနာ)၊ ရွိုင်းမက်ကေး(ဘေယန်မြူးနစ်)၊ ဗန်ဒါမေဒီ (အင်တာမီလန်)၊နစ္စတယ်ရွိုင်း(မန်ယူ)၊ အိုဗားမားစ်(ဘာစီလိုနာ)၊ ရော့ဘင် (ချယ်လ်ဆီး)တို့ ပါဝင်ကြသည်။

## ဒဏ်ရာရရှိမှု

ယူရို ၂၀၀၄ ပြိုင်ပွဲနီးကပ်လာချိန်တွင် ပြိုင်ပွဲဝင်အသင်းများကို တာဝန် လေ့ကျင့်ခန်းဆင်းစဉ် ရရှိခဲ့သော ခြေကျင်းဝတ်ဒဏ်ရာကြောင့် အနားယူနေရသည်။ ပြင်သစ်အသင်းနည်းပြ ဂျက်ဆန်တီနီက ဇွန်၁၃ရက် အင်္ဂလန်နှင့်ပွဲအမီ ထရက်ဇီဂေး၏ ဒဏ်ရာသက်သာပျောက်ကင်းလာရန် မျှော်လင့်လျက်ရှိသည်။ အင်္ဂလန်နှင့်အိုက်စလန်ခြေစမ်းပွဲတွင် ဒဏ်ရာဟောင်းပြန်ပေါ်လာသဖြင့် ဆေးရုံတက်၍ ခွဲစိတ်ကုသမှုခံယူခဲ့ရသော အင်္ဂလန်အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ခမ်းသည် နှစ်ရက်ခန့်အနားယူခဲ့ပြီး ဇွန် ၉ရက်၌ လေ့ကျင့်ခန်းပြန်ဆင်းနိုင်မည်ဟု နည်းပြအဲရစ်ဆင်က ပြောကြားသည်။ ဇွန် ၁၃ရက်၌ ယှဉ်ပြိုင်ကစားမည့် အင်္ဂလန်နှင့် ပြင်သစ်ပွဲတွင် ဒေးဗစ်ဘက်ခမ်းနှင့် ထရက်ဇီဂေးတို့ ပါဝင်နိုင်ခြင်းရှိမရှိ စောင့်ကြည့်ရမည်ဖြစ်သည်။

## ဒက်ဆယ်လီမသေချာ

ပြင်သစ်နောက်တန်းလူ မာဆယ်

ဒက်ဆယ်လီသည် ဒဏ်ရာမသက်သာသေးသော်လည်း အပြီးသတ်စာရင်း၌ ပါဝင်ခွင့်ရရှိခဲ့၍ ကံကောင်းသည်ဟုဆိုရပေမည်။ ချက်အသင်းမှ တိုက်စစ်မှူး မာတူဆိုဗစ်သည် ပဏာမ ၂၃ဦးစာရင်း၌ ပါဝင်နေခဲ့ရာမှ ဒဏ်ရာသက်သာပျောက်ကင်းမှုမရှိ၍ အပြီးသတ်လူစာရင်းဖြတ်ရာ၌ ကျန်ရစ်ခဲ့ရသည်။ ပြီးခဲ့သည့် ဘောလုံးရာသီတွင် ပြည်တွင်းပွဲများ၌ ဘာနစ်စထရာဗာအသင်း၌ ကစားပြီး ခြေစွမ်းပြနိုင်ခဲ့သူ မာတူဆိုဗစ်သည် လက်ရွေးစင်အသင်း၌ တစ်ကြိမ်မျှ ပါဝင်ကစားရခြင်း မရှိသေးပေ။ မာတူဆိုဗစ်က ပြိုင်ပွဲတစ်လျှောက်လုံး အရန်ခုံထိုင်နေရသည့်အတူတူ လုံးဝ မပါဝင်သည်က ပိုကောင်းမည်ထင် ကြောင်း၊ အကောင်းဆုံး ကြိုးစားခဲ့သော်လည်း ဆန္ဒမပြည့်ဝခဲ့၍ ဝမ်းနည်းကြေကွဲမိကြောင်း ပြောကြားသည်။

**ဇွန် ၆ရက်က ပြင်သစ်နှင့် ယူကရိန်း ချစ်ကြည်ရေးခြေစမ်းပွဲတွင် ပြင်သစ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးသွင်းပေးသူဇီဒန်းအား ဂိုးသွင်းပြီးနောက် အောင်ပွဲခံ ရွှင်မြူးနေသည်ကို ဤသို့တွေ့ရသည်။**
**(ဓာတ်ပုံ-အင်တာနက်)**

## ရုရှားလူစာရင်း

အုပ်စု(က)၌ ပါဝင်လျက်ရှိသော ရုရှားအသင်း၏ အပြီးသတ် လူစာရင်းကို နည်းပြဂျော်ဂျီယက်ဆက်ဗ်က ထုတ်ပြန်ကြေညာ လိုက်ပြီဖြစ်ရာ ဒဏ်ရာရရှိထားသည့် အသင်းခေါင်းဆောင် အိုနော့ဗ်ကို ပါဝင်လာခြင်းမရှိပေ။ ရုရှားအသင်းသည် အမာခံကစားသမားများ ထိခိုက်ဒဏ်ရာရရှိထားမှုကြောင့် အပြီးသတ်လူစာရင်းဖြတ်ရာတွင် အခက်အခဲတွေ့ပြီး နောက်ကျမှ ထုတ်ပြန်နိုင်ခဲ့ခြင်းဖြစ်သည်။

ရုရှားအသင်းတွင် **(ဂိုး)** အိုဂျင်နီကော့ဗ်(လိုကိုမိုးတစ်)၊ မာတာဇီယက်ဗ် (ဇီနစ်)၊ အာကင်ဖီယက်ဗ်(စီအက်စ်ကေအေမော်စကို)၊ **(နောက်တန်း)** ယက်ဆီယက်ဗ် (လိုကိုမိုးတစ်)၊ ဆင်နီကော့ဗ် (လိုကိုမိုးတစ်)၊ ရှရိုနော့ဗ် (ရူဘင်ကာဇန်)၊ ဘူဂါယက်ဗ်(တော်ပီဒိုမော်စကို)၊ အန်ယူကော့ဗ်(ဆိုဗီတော့ဆာမာရာ)၊ **(အလယ်တန်း)** မော့စတိုဗွိုင်(ဆယ်လ်တာဗီဂို)၊ စမာတင်(ပို့စ်မောက်)၊ အလန်နီချက်ဗ်(ပေါ်တို)၊ လော့စကော့ဗ် (လိုကိုမိုးတစ်)၊ အစ္စမေးလ်လော့ဗ်(လိုကိုမိုးတစ်)၊ ဂူဆက်ဗ် (စီအက်စ်ကေအေမော်စကို)၊ အယ်လ်ဒိုနင် (စီအက်စ်ကေအေမော်စကို)၊ ကာရေကာ (ဆိုဗီတော့ဆာမာရာ)၊ ရာဒီမော့ဗ်(ဇီနစ်)၊ ဘိုင်စထရော့ဗ် (ဇီနစ်)၊ ဘင်ချော့ဗ်(တော်ပီဒိုမော်စကို)၊ **(ရှေ့တန်း)** ဆိုင်ချက်ဗ်(လိုကိုမိုးတစ်မော်စကို)၊ ဘူလီကင်(ဒိုင်နမိုမော်စကို)၊ ကာဇာကော့ဗ်(ဇီနစ်)၊ ကီရီချင်ကို (စီအက်စ်ကေအေမော်စကို)တို့ ပါဝင်ကြသည်။ ။

**(မြန်မာ့အလင်း)**

# အရှေ့တောင်အာရှလူငယ်စားပွဲတင်တင်းနစ်ပြိုင်ပွဲ မြန်မာလူငယ်တင်းနစ်အားကစားသမားများပါဝင်ဆင်နွှဲမည်

**ရန်ကုန် ဇွန် ၈**

(၁၀)ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်သက်တန်းအလိုက် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ဇွန်၁၀ရက်မှ ၁၃ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင်ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်မှဥက္ကဋ္ဌ ဦးကျော်ကျော် ခေါင်းဆောင်သည့် လူငယ်စားပွဲတင်တင်းနစ်အဖွဲ့သည် ယနေ့နံနက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြသည်။ **(အပေါ်ပုံ)**

မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်၊ အုပ်ချုပ်သူအဖြစ် ဦးထွန်းနိုင်ဦး(ဒု-မန်နေဂျာ၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း)၊ နည်းပြအဖြစ် ဦးညီညီစိုး(ပို့ဆောင်ရေး)၊ လေ့လာသူများအဖြစ်အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးမြမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းနိုင်၊ အမှုဆောင် ဦးသူရသွင် (ဖိုးလပြည့်ကုမ္ပဏီ)တို့ပါဝင်ပြီး လူငယ်စားပွဲတင်တင်းနစ်သမားများမှာ မောင်ဘုန်းငွေစည် (ပထမနှစ်၊ အင်္ဂလိပ်စာ)၊ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ကမာရွတ်မှ မောင်ရဲအောင်နိုင်နှင့် မောင်သီဟနိုင်၊ အထက(၆)မော်လမြိုင်မှ မောင်သက်ကိုကိုလတ်တို့အား အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်မှ အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(မြန်မာ့အလင်း)**

## အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန် အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

## သက်တံရောင်သမဝါယမအသင်း လီမိတက်စည်းဝေး ဝန်ကြီးဗိုလ်ချုပ်ဌေးဦး တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇွန် ၈

**သက်တံရောင်သမဝါယမအသင်းလီမိတက်၏ ၂၀၀၃–၂၀၀၄ ခုနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦး တက်ရောက်အမှာစကားပြောကြားသည်။** (အောက်ပုံ)

အဆိုပါ အစည်းအဝေးသို့ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်း၊ သမဝါယမ ပို့ကုန်သွင်းကုန် လုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးသန်းနှင့် တာဝန်ရှိသူများ၊ သက်တံရောင် သမဝါယမအသင်းလီမိတက်မှ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အသင်းသားအသင်းသူများ တက်ရောက်ကြသည်။

### ဖတ်ကြားတင်သွင်း

အစည်းအဝေးတွင် သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားပြီး ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ ဘဏ္ဍာရေးနှစ်ချုပ်စာရင်းများ၊ ၂၀၀၄–၂၀၀၅ ခုနှစ် ရသုံးမှန်းခြေစာရင်းတို့ကို အသင်းအုပ်ချုပ်မှု ဒါရိုက်တာ ဦးဝင်းစိန်ကလည်းကောင်း၊ စာရင်းစစ်အစီရင်ခံစာကို အသင်းသားစာရင်းစစ်အဖွဲ့ဝင် ဒေါ်ယဉ်ယဉ်နုက လည်းကောင်း ဖတ်ကြားတင်သွင်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ငွေရေးကြေးရေးကိုင်တွယ်ရာတွင် စာရင်းဇယားများစနစ်တကျဆောင်ရွက် စေတနာရှေ့ထားပြီးဆက်ဆံရန် ဝန်ကြီးဗိုလ်ချုပ်လှထွန်းမှာကြား

ရန်ကုန် ဇွန် ၈

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်း၊ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်နှင့်အဖွဲ့ဝင်များလိုက်ပါလျက် ရန်ကုန်မြို့မှ ဇွန် ၄ ရက် မွန်းလွဲပိုင်းတွင်ထွက်ခွာလာရာ ပဲခူးတိုင်း သာယာဝတီမြို့သို့ရောက်ရှိပြီး မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များအားတွေ့ဆုံ၍ လုပ်ငန်းပိုင်းဆိုင်ရာ အမှာစကားပြောကြားသည်။**

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ပြည်မြို့သို့ထွက်ခွာလာပြီး ညပိုင်းတွင် မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံ၌ ပြည်ခရိုင်အတွင်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အောက်ရှိ ဌာနဆိုင်ရာအဖွဲ့များအား တွေ့ဆုံပြီး လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဇွန် ၅ရက်တွင် ပြည်မြို့မှ ဆက်လက် ထွက်ခွာလာရာ အောင်လံမြို့ မြန်မာ့စီးပွားရေးဘဏ်သို့ရောက်ရှိပြီး ဘဏ်ခွဲ အဆောက်အအုံအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကရှင်းလင်း တင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့သည်။ ထို့နောက် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အောင်လံမြို့မှ ဆက်လက်ထွက်ခွာလာပြီး မကွေးမြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိသည်။ မကွေးမြို့ မြန်မာ့စီးပွားရေးဘဏ် (တိုင်းရုံး)အဆောက်အအုံ၌ ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဌာန ဆိုင်ရာများအားတွေ့ဆုံပြီး ဝန်ကြီးက လိုအပ်သည်များမှာကြားခဲ့သည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့ဝင် များသည် မကွေးမြို့မှ ဆက်လက် ထွက်ခွာလာရာ ချောက်မြို့သို့ မွန်းလွဲ ပိုင်းတွင်ရောက်ရှိပြီး ချောက်မြို့ မြန်မာ့စီးပွားရေးဘဏ် အဆောက် အအုံသစ်ဆောက်လုပ်နေမှုကို ကြည့်ရှု စစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဇွန် ၆ ရက်တွင် ညောင်ဦးမြို့သို့ရောက်ရှိ ပြီး မြန်မာ့စီးပွားရေးဘဏ်အဆောက် အအုံ၌လည်းကောင်း၊ ဇွန်၇ရက်တွင် မိတ္ထီလာမြို့သို့သွားရောက်ပြီး ခရိုင် အတွင်းရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဌာနအောက်ရှိ ဌာနဆိုင်ရာတာဝန်ရှိ သူများအားတွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ခရီးစဉ်တစ်လျှောက်တွင် ဌာန ဆိုင်ရာများအား ဝန်ကြီးက အမှာ စကားပြောကြားရာ၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ငွေရေးကြေး ရေးကို အဓိကထားကိုင်တွယ်ရသည့် ဌာနဖြစ်သဖြင့် စာရင်းဇယားများကို စနစ်တကျဆောင်ရွက်သွားကြရန်၊ သတ်မှတ်ထားသည့် လျာထားချက် များပြည့်မီစေရေးကို အလေးထား ဆောင်ရွက်သွားကြရန်နှင့် ပြည်သူများ နှင့် အဓိကဆက်ဆံရသောဌာနဖြစ် သဖြင့် ကောင်းမွန်သောဆက်ဆံရေး နှင့် စေတနာရှေ့ထားပြီး လုပ်ငန်း အောင်မြင်စေရေးကို ဆောင်ရွက်သွား ကြရန် မှာကြားသွားကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

**၃၆ကီလို သက်ငယ်တန်း လက်ဝှေ့အကြိုဗိုလ်လုပွဲတွင် ဝေယံ လင်း (ပဲခူးတိုင်း)ကို အမှတ်ဖြင့် အနိုင်ရရှိသွားသော သန့်ဇင်(ရန်ကုန် တိုင်း)အား ဒိုင်လူကြီးက အနိုင်ပေး ခဲ့စဉ်။ (မြန်မာ့အလင်း)**

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ပဲခူးတိုင်း ရွှေကျင်မြို့နယ် ခြေတော်ရာကျေးရွာ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ရော်ဘာကြိတ်ခဲစက်ရုံ၏ လုပ်ငန်းခွင်ကို ကြည့်ရှု စစ်ဆေးစဉ်။ **(စက်မှု–၁)**

## ဝန်ကြီးဦးအောင်သောင်း ပဲခူးတိုင်းအတွင်းရှိ စက်ရုံများကြည့်ရှုစစ်ဆေး ပီလောပီနံစိုက်ခင်းများစိုက်ပျိုးအောင်မြင်ရန် ကြိုးပမ်းဆောင်ရွက်ရေးမှာကြား

ရန်ကုန် ဇွန် ၈

**အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက် ၉ နာရီခွဲတွင် ပဲခူးတိုင်း ရွှေကျင်မြို့နယ် ခြေတော်ရာကျေးရွာရှိ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၏ ရော်ဘာကြိတ်ခဲ စက်ရုံရှင်းလင်းဆောင်သို့ရောက်ရှိရာ စက်ရုံမှူးက စစ်တောင်းရော်ဘာခြံရှိ ခြံဧရိယာနှင့် အပင်အရေ အတွက် ပျမ်းမျှတစ်ဧကစိုက်ပျိုးမှု၊ တစ်ဧကပျမ်းမျှအထွက်နှုန်းထုတ်လုပ်ရေး လျာထားချက်နှင့်အမှန်ထွက်ရှိမှု၊ အစားထိုးစိုက်ပျိုးခြင်းနှင့်စိုက်ပျိုးခြင်း၊ နှစ်စဉ်ဓာတ်မြေသြဇာနှင့် ကုန်ကြမ်းလိုအပ်ချက်၊ နှစ်စဉ်တောခုတ်ခြင်းနှင့် ပေါင်းမြက်ရှင်းလင်းခြင်း၊ ရော်ဘာထုတ်လုပ်ခြင်းစသည်တို့ကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး မြန်မာ့ အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိုက်ထွန်းက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။**

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးက စစ်တောင်းရော်ဘာခြံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ် သော စက်ယန္တရား၊ လူအင်အားတိုးချဲ့ ဆောင်ရွက်သွားရေး၊ အစားထိုးစိုက်ပျိုး ရေး လုပ်ငန်းများကို ဦးစားပေးဆောင် ရွက်ပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ရော်ဘာပင်များဖွံ့ဖြိုးရေးဆောင်ရွက် သွားရန်နှင့် မီးအန္တရာယ်ကာကွယ်ရေး အစီအမံထားဆောင်ရွက်ရန်မှာကြား သည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံ ထုတ်မှိုင်းခံရော်ဘာပြားများကို လည်း ကောင်း၊ ရော်ဘာစေးမှ ရော်ဘာခဲ ပြုလုပ်မှု အခြေအနေများကိုလည်း ကောင်း၊ ရော်ဘာခဲကို ကြိတ်စက်ဖြင့် ရော်ဘာပြားထုတ်လုပ်မှု ကိုလည်း ကောင်း၊ ထုတ်လုပ်ပြီးရော်ဘာစိမ်း အခြောက်ခံ နေလှန်းခြင်းလုပ်ငန်းနှင့် အပူပေးမှိုင်းခံခြင်းလုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့ဝင် များသည် ခွန်သိုက်ရော်ဘာ စိုက်ခင်း သို့သွားရောက်၍ ရော်ဘာပင်များ၏ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ပေါင်းမြက်များရှင်းလင်း ရေးနှင့် မီးအန္တရာယ် ကြိုတင်ကာကွယ် ရေး အစီအမံများထားရှိရန်မှာကြား သည်။

### ဆွေးနွေးမှာကြား

ယင်းနောက် ဝန်ကြီးသည် ရွှေကျင် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီး ဌာန အစည်းအဝေးခန်းမ၌ ဌာန ဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံများနှင့် တွေ့ဆုံ၍ ရော်ဘာခြံများ ထိန်းသိမ်း သွားရေး၊ လစ်ဟာနေသော ဧရိယာ များ၌ ရော်ဘာအပင်ပြည့် စိုက်ပျိုး သွားရေး၊ ပင်အိုများနေရာ၌ အစားထိုး စိုက်ပျိုးသွားရေးတို့ကို မှာကြားပြီး အမှတ်(၁)စစ်တောင်းစက္ကူစက်ရုံတွင် လိုအပ်သော ဝါးကုန်ကြမ်းများ ပေးသွင်းရာ၌ ဝါးတောင်သူများ သွား လာရေးလွယ်ကူရန် စီမံပေးရေး၊ ကုန်း လမ်းတစ်လျှောက်နှင့် မြစ်ကြောင်းတစ် လျှောက် ဝါးများသယ်ယူပို့ဆောင်ရေး လွယ်ကူစေရန် ပံ့ပိုးပေးရေးစသည့် ကိစ္စရပ်များကို ဆွေးနွေးမှာကြား သည်။

ဆက်လက်၍ ဝန်ကြီးသည် ဒိုက်ဦးမြန်မာ့စားသောက်ကုန်လုပ်ငန်း ဒိုက်ဦးကော်မှုန့်စက်ရုံ ရှင်းလင်း ဆောင်၌ စက်ရုံတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဝန်ကြီးက စိုက်ပျိုးမြေများ ကို စနစ်တကျ ပြုပြင်ထိန်းသိမ်းပြီး ပီလောပီနံစိုက်ခင်းများ တစ်အုပ်တစ်မ စိုက်ပျိုးအောင်မြင်ရန် ကြိုးပမ်းဆောင် ရွက်သွားရေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ပီလော ပီနံ စိုက်ကွက်အမှတ်(၂)ရှိ ငါးဧက စိုက်ခင်း၌ စိုက်ပျိုးထားသော ပီလော ပီနံ စိုက်ခင်းများကို လည်းကောင်း၊ စမ်းသပ်ကွက်အမှတ်(၃)ရှိ ပေါင်းနှိမ် စနစ်ဖြင့် စမ်းသပ် စိုက်ပျိုးထားသော စိုက်ခင်းများကိုလည်းကောင်း ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ဂလူး ကို့စ် စက်ရုံရှိ အခြောက်ခံဌာနကိုလည်း ကောင်း၊ ထုပ်ပိုးဌာနစိတ်ရှိ ဂလူးကို့စ် ထုတ်လုပ်မှု လုပ်ငန်းများကိုလည်း ကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ပဲခူး မြို့ ဝင်းသူဇာအရောင်းဆိုင်သို့ ရောက် ရှိပြီး စက်မှု(၁)ထုတ်ကုန်ပစ္စည်းများ ရောင်းချမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ ကို မှာကြားခဲ့ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

## ပြည်နယ်နှင့်တိုင်း လက်ဝှေ့အကြိုဗိုလ်လုပွဲ

**ရန်ကုန် ဇွန် ၈**

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား (က)အဆင့်နှင့် ပြည်နယ်နှင့်တိုင်း သက်ငယ်တန်း၊ (ဂ)အဆင့်၊ (ခ)အဆင့် တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲ အကြိုဗိုလ်လုပွဲများကို ယနေ့ညနေ ၃နာရီက အောင်ဆန်းအားကစားပြိုင်ကွင်းတွင် ဆက်လက်ကျင်းပရာ အလဲထိုး၊ ဒိုင်ပွဲရပ်များ အပါအဝင် ပွဲပေါင်း ၂၂ပွဲ ကျင်းပပြီးစီးသွားသည်။

ဇွန် ၉ရက် (ယနေ့)ညနေ ၃နာရီတွင် ပြည်နယ်နှင့်တိုင်း (ဂ)အဆင့်နှင့် (ခ)အဆင့် ဗိုလ်လုပွဲ ပွဲစဉ် ၁၆ပွဲကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရ သည်။ **(မြန်မာ့အလင်း)**

# ကျေးဇူးတင်လွှာ

သမီးဦး ရတနာသအား ကျန်းမာသန်စွမ်းစွာဖြင့် (၁၃၆၆ခုနှစ်နယုန် လပြည့်ကျော် ၆ရက်၊ ၂၀၀၄ခုနှစ် ဇွန်လ ၈ရက်၊ အင်္ဂါနေ့)တွင် မီးဖွား သန့်စင်ဖွားမြင်ပေးခဲ့ကြပါသော သားဖွားနှင့်မီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်လေးကြွယ်၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်အေးအေးသိန်း၊ မေ့ဆေးအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ရင်မြယ် တို့နှင့်အတူ အောင်မြင်စွာ ခွဲစိတ်မွေးဖွား သန့်စင်ပေးခဲ့ကြပါသောဆရာဝန်ကြီးများ၊ သူနာပြုဆရာမများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အထူးဂရုပြု စောင့်ကြပ်ပေးကြပါသော ဒေါက်တာဇော်ထွန်း၊ ဒေါက်တာ ဒေါ်ဌေးဌေးကြည်နှင့် ရွှေဂုံတိုင်အထူးကုဆေးခန်းမိသားစုအားလည်းကောင်း အထူးကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

ကိုညီ–မစေစေလတ်။

**INFORMATICS** COMPUTER CENTRE

*Diploma in Computer Studies*

Enroll Now!

**THAMES** Management Centre

*Diploma in:*
*Business Administration*
*Marketing & PR*

Your personalised programme from a diploma to a degree locally or abroad

**Informatics & Thames:** 220/222 Botataung Pagoda Rd, Pazundaung Tsp. Ph: 200343, 203188
**Informatics & Thames:** 3rd Floor Mandalay MICT Park, Mandalay. Ph: 02-89402, 89403
**Informatics:** 2nd Floor, Myaynigone Plaza, Bargayar Rd, Sanchaung Tsp. Ph: 525971, 706740
**Informatics:** 70(B) Shwegondine Rd (near Excel Shopping Mall),Bahan Tsp. Ph: 558360

## MYANMAR TRACTORS LTD.
## YOUR CATERPILLAR® DEALER

(FOR LOCAL SERVICES ONLY)

I. MTL invites qualified, active and dynamic personnel for the following posts: -

1. **Applications Engineer (Machines)** .................. 2 posts
   Education : B.E (Mechanical)
2. **Parts & Service Representative** .................. 4 posts
   Education : AGTI (Mech), or higher qualification
3. **Assistant Parts Coordinator** .................. 1 post
   (a) Education : Any Graduate
   (b) Experience : Minimum 2 years working experiences in sound knowledge of Inventory Management
   (c) Other : High Competency in usage of Computer, Knowledge on Microsoft Access/Database will be an advantage.
4. **Service Engineer** .................. 10 posts
   Education : B.E (Mechanical)
5. **Mechanic** .................. 10 posts
   Education : Minimum THS (or) AGTI/B.Tech (Mechanical/Electrical Power)
6. **Administrator (Admin)** .................. 1 post
   (a) Education : A.G.T.I (Mechanical/ Electrical Power)
   (b) Experience : Minimum 3 years in fields of office management & maintenance work Must be able to deal with all relevant Government Departments/ Enterprises Must be able to work off-office hours.
7. **Executive Secretary** .................. 1 post
   Education : Any Graduate
   Female only
8. **Training Instructor (Earthmoving Equipment)** .................. 1 post
   **Training Instructor (Power Generation)** .................. 1 post
   (a) Education : B.E (Mechanical)
   (b) Other : Able to conduct training on specific fields
   Able to translate English to Myanmar language
9. **Driver** .................. 3 posts
   Education : minimum 10th standard or any Graduate
   Must be fluent in English

II. **Other Prerequisites**
(i) Age limit : (Item No. 1 to 7 : below 35 yrs & Item No. 8 to 9 below 40 yrs)
(ii) Experience : Minimum 2 to 3 yrs experience in related fields.
(iii) Male Only : (except item No.7)
(iv) Have a valid driving license (except item No.7)
(v) Computer Literate
(vi) Must be fluent in English

*Note : Only short list candidate will be contacted for interview.*

III.(a) To Attach C.V with a recent photo, Educational Certificate, Labour Registration Card and testimonials regarding character from Ward Peace & Development Council and Police Station.
(b) Testimonials from previous Employers especially last Employer, regarding experiences.
(c) **Candidates must be prepared to work in any parts of Myanmar.**
(d) Applications to reach following address not later than 21-June, 2004.

**Administration Department**

| (For Yangon Applicants) | (For Mandalay Applicants) |
|---|---|
| 16, Mya Malar Lane, | 30,27th Street, (Bet 68th & 69th St.) |
| Industrial Zone, Thaketa Township, | Chan Aye Thar Zan Township, |
| Yangon, Myanmar. | Mandalay, Myanmar. |
| Tel : 547310~13/547140~142 | Tel : 02-39259,64550 |
| Fax : 547307 | Fax : 02-39260 |
| E-mail : admin@mtltd.com.mm | E-mail : mtlmdy@mtltd.com.mm |


## ပြန်ကြားရေးဝန်ကြီးဌာနတွင် အသုံးပြုရန် လိုအပ်သောပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့တွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဝယ်ယူလိုပါသည်–

(က) မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

| | | |
|---|---|---|
| (၁) | Radio Studio Digitalization | (1) Lot |
| (၂) | 1.KW TV TX | (1) Set |

(ခ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
e-Government ထူထောင်ရန်လိုအပ်သော Computerစက်ပစ္စည်းများ

| | | |
|---|---|---|
| (1) | Web Authorring & Publishing PC c/w Software | (2.) Nos |
| (2) | $A_4$ Scanner | (1) No |
| (3) | $A_4$ Laser Printer | (1) No |
| (4) | Networking Equipment. (Network Switch, Work Cable, Connectors & Accessories) | (1) No |
| (5) | Un-Interruptible Power Supply(2 KVA) | (2) Nos |
| (6) | Virus Protection Software | (1) No |

(ဂ) ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

| | | |
|---|---|---|
| (၁) | ကြွေစက္ကူ(အပါး) | ၅ တန် |
| (၂) | ကြွေစက္ကူ(အထူ) | ၅ တန် |
| (၃) | ကရမ်းကုတ်ကတ် | ၅ တန် |
| (၄) | Agfa Film(22"x 32") (အနည်းဆုံး) | ၂၀ ထုပ် |
| (၅) | Rubber Blanket | ၁၀၀ ချပ် |
| (၆) | Damping Roller Hose | ၆၀ လိပ် |
| (၇) | Riso Master Roll | ၁၀၀ လိပ် |
| (၈) | Riso Ink | ၁၀၀ ခု |
| (၉) | Stitching Wire | ၂၀၀၀ ကွိုင် |
| (၁၀) | Binding Cloth | ၁၀၀၀ မီတာ |

(ဃ) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

| | | |
|---|---|---|
| (1) | Fixer(Ortho Film) | ၈၀ ထုပ် |
| (2) | Fixer(Agfa Film) | ၉၀ ဘူး |
| (3) | Agfa Developer | ၃၀ ပုလင်း |
| (4) | Foll Film | ၂၂၅၀ လိပ် |
| (5) | Toner 1215 | 160 Boxes |
| (6) | Gum Arabic | 1000 Kgs |
| (7) | Cello Tape(Red) | 1000 Rolls |
| (8) | Cello Tape(White) | 1500 Rolls |
| (9) | Copier Toner(7118) | 80 Boxes |
| (10) | Rubber Blanket T-Bar | 128 Shts |
| (11) | Rubber Blanket (Roll) | 1040 Inches |
| (12) | Gestetner Ink Tube | 440 Nos |

၂။ တင်ဒါပေးသွင်းမှုကို ၁၈–၆–၂၀၀၄ ရက် ၁၆း၃၀ နာရီတွင် ပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် ဝယ်ယူနိုင်ပါသည်။

**ပြည်တွင်း၊ ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ။**
**ပြန်ကြားရေးဝန်ကြီးဌာန၊**
**အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့၊**
**ဖုန်း–၂၄၅၆၃၁၊ ၂၄၅၆၂၄၊ ၂၄၅၆၄၅။**

**ရောင်းချရန်အမိန့်ကြော်ငြာစာတရားကျင့်ထုံးကိုဒ်ဥပဒေအမိန့်–၂၁၊နည်းဥပဒေ–၆၆**
**စမ်းချောင်းမြို့နယ်တရားရုံးတော် ၂၀၀၀ပြည့်နှစ်၊ တရာမဓာရီမှုအမှတ်–၅**

| | | |
|---|---|---|
| ဦးဇင်လင်းပါ (၃)ဦး | | ဦးမြင့်သော်ပါ(၇)ဦး |
| အမှတ်၁၉၊ မဟာမြိုင်လမ်း။ | နှင့် | အမှတ်၁၉၊ မဟာမြိုင်လမ်း၊ |
| စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ | | စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ |
| တရားနိုင် | | တရားရှုံး |

စမ်းချောင်းမြို့နယ်၊ တရားရုံး၊ တရားမကြီး ၅၃/၉၈တွင် အတည်ပြုဆောင်ရွက်ရန်အတွက် အောက်ဖော်ပြထားသောပစ္စည်းကို ၂၀၀၄ခုနှစ် ဇူလိုင် ၉ ရက် နံနက် ၁၀ နာရီအချိန်တွင် ၎င်းပစ္စည်းများ တည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်းကြေညာလိုက်သည်။

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရသိရှိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ကြွင်းကျန်ခြင်းတစ်ခုခုပေါ်ပေါက်ပါက တရားရုံးကတာဝန်ယူမည်မဟုတ်ပါ။ ၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူ အရာရှိသတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်ပါသည်။ ၃။ လေလံစည်းကမ်းချက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။ ၂၀၀၄ခုနှစ် ဇွန်၇ရက်တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်စန်းမြင့်
မြို့နယ်တရားသူကြီး၊စမ်းချောင်းမြို့နယ်တရားရုံး။

**ပစ္စည်းစာရင်း**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်အရှေ့တိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၈(အီး)၊ မြေကွက်အမှတ်၉၂(ဘီ)၊ ဧရိယာ ၀ဒသမ၈၆၃၈ဧကေ၊ နှစ်၉၀မြေငှားဂရန်မြေ ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်၁၉ဟုခေါ်တွင်သော နှစ်ထပ်တိုက်တစ်လုံး၊ သွပ်မိုး၊ သစ်သားအိမ်၊ (ပေ၄၀x၃၅ပေ)၊ (၁၂ပေxပေ၅၀)ခန့်ရှိ ဂိုဒေါင်တစ်လုံးနှင့် အကျိုးခံစားခွင့် အရပ်ရပ်၊ (အဆိုပါပစ္စည်းများနှင့်ပတ်သက်သော မူရင်းစာရွက်စာတမ်းများမှာ တရားရှုံးများ လက်ဝယ်တွင် ရှိပါသည်။) ကြမ်းခင်းဈေးကျပ်သိန်းခုနစ်ထောင်တိတိဖြစ်ပါသည်။

## သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ အမှတ်(၂၃၁)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်နေ ဦးတင်မောင် ၁၂/မဂတ(နိုင်)၀၁၃၆၉၇၊ ဒေါ်သန်းရီ ၁၂/စခန (နိုင်)၀၀၇၃၀၀၀တို့၏ သမီးဖြစ်သူ မဆန်းဆန်းလင်း ၁၂/စခန(နိုင်) ၀၀၇၃၄၅သည် မိဘနှင့်မောင်နှမများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ အုပ်ထိန်းသူများ၏ဆန္ဒကို ဆန့်ကျင်ပြုလုပ်သွားပါသဖြင့် ၃၁–၅–၂၀၀၄ ရက်မှစ၍ အမွေစားအမွေခံ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်မယူပါ။ (၇–၆–၂၀၀၄ ရက်နှင့် ၈–၆–၂၀၀၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါကြော်ငြာကိုလဲ ပယ်ဖျက်ပါသည်။)

**မိဘများ ဦးတင်မောင်–ဒေါ်သန်းရီ။**

## ရန်ကုန်ဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် ဇွန် ၈**

ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)တွင် ဦးကျော်မင်းသည် ဇွန် ၆ ရက် ညနေ ၅း၁၅ နာရီက ဂေါက်သီးရိုက်ကစားရာ ကျင်းအမှတ်(၈) ၁၄၆ ကိုက်အကွာမှ Newing 2000 ဘောလုံးကို Iron No. (7) Callaway တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့သည်။

ထိုအချိန်တွင် ကစားဖော်များအဖြစ် ဦးရဲမြင့်၊ ဦးရန်ငယ်၊ ဦးစိုးမင်းဦးနှင့် ဦးတင်ဝင်းတို့လည်း အတူကစားခဲ့ကြကြောင်းသိရသည်။

**(က–ပ)**

## မြန်မာ့ရုပ်မြင်သံကြား

**၉–၆–၂၀၀၄**
**(ဗုဒ္ဓဟူးနေ့)**
**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချိုအေး မင်္ဂလာတေး |
| ၇း၅၅ | ၅။ | မြူးမြူးကြွကြွ ယဉ်ကျေးမှုအက |
| ၈း၁၀ | ၆။ | ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ(ပဲခူးတိုင်း) |
| ၈း၃၀ | ၇။ | International News |
| ၈း၄၅ | ၈။ | Learning English the Easy and Happy Way for Children and Beginners |
| ၉း၀၀ | ၉။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | Practice in Reading |
| ၁၆း၄၅ | ၄။ | တေးဂီတအစီအစဉ် |
| ၁၇း၀၀ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရုက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) (ရုက္ခဗေဒ) |
| ၁၇း၁၅ | ၆။ | ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက |
| ၁၇း၃၀ | ၇။ | သီချင်းကြီးပဒေသာ |
| ၁၇း၄၅ | ၈။ | ချင်းရိုးရာဝတ်စားဆင်ယင်မှု |
| ၁၇း၅၀ | ၉။ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၈း၀၀ | ၁၀။ | Discovery |
| ၁၈း၁၅ | ၁၁။ | တေးဂီတအစီအစဉ် |
| ၁၈း၃၀ | ၁၂။ | ညနေခင်းသတင်း |
| ၁၉း၀၀ | ၁၃။ | မိုးလေဝသအခြေအနေ |
| ၁၉း၀၅ | ၁၄။ | ကြံ့ခိုင်ကျန်းမာပြည်မြန်မာ |
| ၁၉း၁၅ | ၁၅။ | တေးဂီတအစီအစဉ် |
| ၁၉း၃၀ | ၁၆။ | မွန်ပြည်နယ် (အပိုင်း–၂) |
| ၁၉း၄၅ | ၁၇။ | ကျေးလက်ဒေသတစ်ခွင်အလှဆင် |
| ၂၀း၀၀ | ၁၈။ | ပြည်တွင်းသတင်း |
| | ၁၉။ | နိုင်ငံတကာသတင်းများ |
| | ၂၀။ | မိုးလေဝသအခြေအနေ |
| | ၂၁။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း–၄၆) |
| | ၂၂။ | နောက်တစ်နေ့အစီအစဉ် |
| | ၂၃။ | အစီအစဉ်ပြီး၏။ |


**ကျေးဇူးဆပ်ပါမည်**

ကျွန်တော်၏ပတ်စပို့(PPNO.142025) ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါကအကြောင်းကြားပါရန်။ ဦးကျော်ကျော်စိုး(ဘ)ဦးစိုးလှိုင်၊ တိုက်(၁)၊ အခန်း(၁)၊(၅)ရပ်ကွက်၊ အနောက်ရန်ကင်း၊ဖုန်း–S/L၀၉၅၀၁၀၆၁၂။

# ဘဝပညာပေး၊ အချစ်၊ ဟာသ ဗီဒီယို ၁၂ ကား ပြသခွင့်ရ

မောင်ဆွေထွန်း

ရန်ကုန် ဇွန် ၈

ယခုအပတ်တွင် ဆင်ဆာအဖွဲ့၏ ခွင့်ပြုချက်ရရှိပြီး ရုပ်ရှင်အစည်းအရုံး ဗီဒီယိုအခြေခံအဖွဲ့ အစီအစဉ်ဖြင့် ဖြန့်ချိပြသခွင့်ရသော ဗီဒီယိုဇာတ်ကား ၁၂ ကား ရှိသည်။ ဘဝပညာပေး၊ ဟာသ၊ **အချစ်နှင့် နှစ်ပါးခွင်**ဇာတ်ကားများ ပါဝင်သည်။



**စိန်ငွေး ဗီဒီယိုမှ 'မင်း အချစ်က သေစေနိုင်တယ်' ဇာတ် ကား မှ လူမင်းနှင့် အိန္ဒြာကျော်ဇင်။**

ပြည့်စုံအောင် ဗီဒီယိုမှ နေပိုင် ရိုက်ကူး၍ ခင်လှိုင်၊ မန်းဝင်း၊ အိုင်းရစ်လေပြေဦးတို့ပါဝင်သော**တစ်ခါတုန်းကတို့ရွာမှာ။**တက်လမ်းဗီဒီယိုမှ ရဲရင့်ထွန်း ရိုက်ကူး၍ ကင်းကောင်၊ မြို့တော်ချစ်ဖွယ်၊ ဖြိုးရတနာသွယ်တို့ ပါဝင်သော **သာဒင်နှင့် မီးခွက်ဆန်း။** စိန်ငွေး ဗီဒီယိုမှ မီးပွားရိုက်ကူး၍ လူမင်း၊ အိန္ဒြာကျော်ဇင်နှင့် ကုသိုလ်တို့ ပါဝင်သော **မင်းအချစ်က သေစေနိုင်တယ်။**

ရတနာစိန်ဗီဒီယိုမှ လပြည့်ဝန်း ရိုက်ကူးသော **တင်ကိုဝင်းအဆင့်မြင့်နှစ်ပါး။** ရွှေငယ်ငယ်ဗီဒီယိုမှ မောင်သီ ရိုက်ကူး၍ လွင်မိုး၊ ဇာနည်၊ ကြည်လဲ့လဲ့ဦး၊ လှအဥ္ဇလီတင့် ပါဝင်သော **ညီမယောက်ျား မယားကိုကို။** မဏိရွှေစင်ဗီဒီယိုမှ ဖိုးကျော် သန်လျင် ရိုက်ကူး၍ ဝေဠုကျော်၊ နဝရတ်၊ မိုးပြည့်ပြည့်မောင် ပါဝင်သော**ချစ်သူမျက်ရည်ပုလဲဖြစ်ပါစေ။**

**'ညီမယောက်ျား၊ မယားကိုကို' ဇာတ်ကားမှ လွင်မိုးနှင့် ကြည်လဲ့လဲ့ဦး တို့၏ သရုပ်ဆောင်ဟန်။**

မျက်ခြယ်ဗီဒီယိုမှ သန့်ဇင်အောင် ရိုက်ကူး၍ မိုးဒီ၊ မင်းအုပ်စိုး၊ မင်းသူ၊ လင်းဇာနည်ဇော်တို့ပါဝင်သော **ပိုင်ပါတယ်။** ဧရာရိုက်ကူး၍ ကျော်ရဲအောင်၊ ကြည်လဲ့လဲ့ဦး၊ မြတ်ကေသီအောင်၊ လှအဥ္ဇလီတင့် ပါဝင်သော **ပါလေရာကိုကို၊** အောင်ဆွေဆက် ရိုက်ကူး၍ နေလင်းဦး၊ ဝေယံ၊ ထားအဥ္ဇလီတို့ ပါဝင်သော **ဗုံလုံတစ်လှည့် ငါးပျံတစ်လှည့်**။

လပ်ကီးဆဲဗင်းဗီဒီယိုမှ သပြားသု ရိုက်ကူး၍ မော့စ်၊ ခင်လှိုင်၊တိမ်ညွန့်၊ မြသင်းချယ်တို့ပါဝင်သရုပ်ဆောင်သော **ရေးဆိုစပ်တီး ကိုညှပ်ကြီး။ လူလည်ထိပ်သီး ကိုရိုတ်ကြီး။** တက်လမ်းဗီဒီယိုမှ အောင်ဆွေဆက်ရိုက်ကူး၍ ညီညီ၊မင်းထက်၊ ဇာခြယ်ဗိုတို့ သရုပ်ဆောင်သော **ရာဇဝင်များရဲ့ သတို့သား။** မျက်ခြယ်ဗီဒီယိုမှ သန့်ဇင်အောင်ရိုက်ကူး၍ ခန့်စည်သူ၊ ကြည်လဲ့လဲ့ဦး၊ မိုးပြည့်ပြည့်မောင် တို့ ပါဝင်သော **မရွှေအထက်တန်းစား** ဇာတ်ကားများ ဖြန့်ချိပြသခွင့် ရရှိသည်။ ။

**(မြန်မာ့အလင်း)**

**'ရေးဆိုစပ်တီး ကိုညှပ်ကြီး' ဇာတ်ကားမှ မော့စ်နှင့်ခင်လှိုင်။**

## ဆွမ်းစားဓမ္မာရုံနှင့် လှူဒါန်းမှုအစုစုအတွက်ရေစက်ချ

**ကြို့ပင်ကောက် ဇွန် ၃**

ပဲခူးတိုင်း(အနောက်ပိုင်း)ကြို့ပင်ကောက်မြို့ ဦးဇော်မြင့်–ဒေါ်ယဉ်နု (ဇာပုံလေးဆေးတိုက်) မိသားစုတို့က ဆွမ်းစားဓမ္မာရုံနှင့် လှူဒါန်းမှုအစုစု ရေစက်ချ အလှူတော် မင်္ဂလာ အခမ်းအနားကို မေ ၂၉ရက်က ကြို့ပင်ကောက်မြို့နယ် သာစည်–ဒန့်ဒလွန်ကွင်းရှာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနရိန္ဒာစာရ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဦးဇော်မြင့်နှင့်ဒေါ်ယဉ်နု တို့က ပင့်သံဃာအပါး ၃၀ အား ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်ကြသည်။ **(အပေါ်ပုံ)**

၎င်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနရိန္ဒာစာရ ဆရာတော်ထံမှ အနုမောဒနာတရားနှင့် ရေစက်ချတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီးနောက် ဆရာတော် သံဃာတော်များကို နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ **(ဝ၄၀)**



**ပဲခူးတိုင်း (အနောက်ပိုင်း) ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်များတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေး ကြိုးပမ်းဆောင်ရွက်ရာ သဖန်းကုန်းလမ်းကျောက်ချောလမ်းခင်းရန်အတွက် ကျောက် စုဆောင်းခြင်းဖြင့် ကြိုတင်စီစဉ်ဆောင်ရွက်နေမှုကို မေ ၂၅ ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေ ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးအောင်ကြိုင်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးမြင့်ဝေ တို့က ရှင်းလင်း ပြောကြားစဉ်။** (၄၀၃)

## မြက်ခင်းအလှပြင် ပန်းအလှစိုက်ပျိုး

**တနိုင်း မေ ၃၀**

တနိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးသောင်းမြင့်၊ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနေလင်းနှင့် ဝန်ထမ်းများ မေ ၁၆ရက်က ဟူးကောင်းခန်းမရှေ့တွင် မြက်ခင်းအလှပြင်ခြင်းနှင့် ပန်းအလှစိုက်ပျိုးခြင်းများ စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**

## အမြို့မြို့ အနယ်နယ်သတင်းများ

**မေ ၂၄ ရက်က ကျောက်တန်းမြို့ လမ်းမတော်လမ်း ကန်စိမ်းကန် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းကို ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးသိန်းဇော်မြင့် ကွင်းဆင်း စစ်ဆေးရာ ကျောက်တန်းမြို့နယ် စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးကြည်တင်နှင့် လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ ဦးဇော်ထွန်းတို့က လိုက်လံ ရှင်းလင်းပြသစဉ်။**

(မြို့နယ်စည်ပင်)

## အမျိုးသမီးများကဏ္ဍတိုးတက်ရေးတွေ့ဆုံဆွေးနွေး

**မော်လမြိုင်ကျွန်း ဇွန် ၃**

မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ၏ ပညာပေးဟောပြောပွဲကို မေ ၃၀ ရက် နံနက် ၁၀ နာရီက ကျိုက်ပိကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ပညာပေးဟောပြောပွဲတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်အေးအေးယု**(အပေါ်ပုံ)**က အမျိုးသမီးများတွင် ဖြစ်ပွားတတ်သော ကင်ဆာရောဂါအကြောင်းကို လည်းကောင်း၊ အသင်းဥက္ကဋ္ဌ ဒေါ်အေးသန်းက မိုးရာသီတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါအကြောင်းကို လည်းကောင်း ဟောပြောကြသည်။

ဟောပြောပွဲအပြီးတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယကဒေါ်အေးအေးယုနှင့်ကော်မတီဝင်များက ကျေးရွာအသင်းခွဲများမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် တရင်းတနှီးတွေ့ဆုံပြီး အမျိုးသမီးများ အခန်းကဏ္ဍမြင့်မားတိုးတက်ရေးကို ဆွေးနွေးကြကြောင်း သိရသည်။ **(ဝ၉၇)**

## ဆေးသုတ်ဆောင်ရွက်

**မေ ၂၀ရက်က ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးအေးမင်းနိုင်နှင့် ဝန်ထမ်းများ မြို့သာယာလှပရေးအတွက် အလှပန်းအိုးများ၊ ကပ်တုံးများ ဆေးသုတ်ဆောင်ရွက်ကြစဉ်။**

(မြို့နယ် စည်ပင်)

## တောင်ငူဆေးရုံတွင်ယောကျာ်းသုံးမြွှာပူးမွေးဖွားသောမိခင် တိုင်းမိခင်နှင့် ကလေးကြီးကြပ်မှုကော်မတီကထောက်ပံ့ငွေပေးအပ်

**တောင်ငူ ဇွန် ၅**

တောင်ငူအထွေထွေရောဂါကုဆေးရုံကြီးတွင် ယောကျာ်းလေး သုံးမြွှာပူး မွေးဖွားသည့် မိခင်ကို ပဲခူးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီက ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို မေ ၃၁ရက် မွန်းလွဲပိုင်းက အထွေထွေ ရောဂါကုဆေးရုံကြီး ကလေးကုသဆောင်တွင် ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ပဲခူးတိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှု ကော်မတီနာယကကိုယ်စား နာယက အဖွဲ့ဝင် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီးသိန်းလွင်၏ဇနီး ဒေါ်ခင်မေအောင်၊ တောင်ငူမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနာယကများနှင့် အမှုဆောင်များ၊ ဆေးရုံမှတာဝန်ရှိသူများ တက်ရောက်ကြပြီး ဒေါ်ခင်မေအောင်က ထောက်ပံ့ငွေကျပ်၄၇၀၀၀ကိုယောကျာ်းလေးသုံးမြွှာပူးမွေးဖွားသည့် အုတ်တွင်းမြို့နယ် ကျွဲပွဲကျေးရွာ အုပ်စု ကရင်ရွာနေ မိခင်ဒေါ်နော်ဆာအယ်အား ပေးအပ်ချီးမြှင့်သည်။ (ဝဲပုံ) (၃၇၂)

**ဧပြီ ၂၆ ရက်ကကျေးလက်အိမ်ရာစီမံကိန်းအရ မကွေးမြို့နယ် သစ်ရာကောက်ကျေးရွာတွင်တည်ဆောက်လျက်ရှိသည့် အိမ်ရာကို မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဝင်း၊ အင်ဂျင်နီယာမှူး ဦးစိုင်းရွှေအောင်နှင့်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်ညွှန့်တို့ ကြီးကြပ် ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

**ပျဉ်းမနားမြို့နယ် မြို့တွင်းလမ်းများ ရေစီးရေလာ ကောင်းမွန်ရန် ရေမြောင်းများ တူးဖော်ခြင်းကို မေ ၁၅ရက်နှင့် ၁၆ ရက်များက မင်္ဂလာရပ်ကွက် ဗိုလ်မင်းခေါင်လမ်းနှင့် ဘေးလမ်းဝဲယာတစ်လျှောက် ရေမြောင်းပေ ၃၀၀၀တွင် သန့်ရှင်းရေး ပြုလုပ်ခြင်းနှင့် ရေမြောင်းအတွင်းအမှိုက်နှင့် ရွှံ့နုန်းများအား တူးဖော်ဆယ်တင်ခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးမင်းဇော်နှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

## ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲကော့သောင်း၌ကျင်းပ

**ကော့သောင်း ဇွန် ၄**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ တနင်္သာရီတိုင်း ကော့သောင်း ခရိုင်ရဲတပ်ဖွဲ့မှူးရုံးတွင် ဇွန် ၂ရက် မွန်းလွဲတစ်နာရီက ၂၀၀၄-၂၀၀၅ခုနှစ် ပညာသင်နှစ် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနား ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းနှင့် ခရိုင်ရဲတပ်ဖွဲ့ မိသားစုများတက်ရောက်ကြသည်။

အခမ်းအနားတွင် ရဲမှူးမြင့်သိန်းက အမှာစကား ပြောကြားပြီး ပညာသင်နှစ် ထောက်ပံ့ငွေနှင့် ကျောင်းသုံးစာအုပ်များကို ကော့သောင်း ခရိုင်ရဲတပ်ဖွဲ့မှူးရုံး မိသားစုကိုယ်စား ရုံးဦးစီးမှူး ဒုရဲမှူးစိန်ရိုးနှင့် ခမောက်ကြီးမြို့ ရဲစခန်းမှ ကျောင်းသားမိဘများကိုယ်စား ရဲအုပ်စိုးအောင်တို့ကို ခရိုင်ရဲတပ်ဖွဲ့မှူးမြင့်သိန်းက ပေးအပ်သည်။ **(၃၈၉)**

## ပန်းတိုင်အထွက်ပြည့်မီရေးပညာပေး ဆွေးနွေး စိုက်ပျိုးရေးတာဝန်ပေးအပ်ပွဲ ကျောက်ပန်းတောင်းမြို့နယ်၌ကျင်းပ

ကျောက်ပန်းတောင်း မေ ၂၆

**မန္တလေးတိုင်းကျောက်ပန်းတောင်း မြို့နယ် စိုက်ပျိုးရေး ၂၀၀၄-၂၀၀၅ ခုနှစ် သီးနှံ၁၀ မျိုး၏ ပန်းတိုင်အထွက်နှုန်း ပြည့်မီရေး ပညာပေး ဆွေးနွေးပွဲနှင့် စိုက်ပျိုးရေးတာဝန် ပေးအပ်ပွဲအခမ်းအနားကို မေ၂၅ ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး စပါးစည်းဝေး ခန်းမတွင် ကျင်းပသည်။**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဝင်းက အမှာစကား ပြောကြားပြီး မြို့နယ်မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းမန်နေဂျာ ဦးကြည်မြင့်က စိုက်ပျိုးရေးနည်းစနစ်များကို အကျယ်တဝင့် ရှင်းလင်း တင်ပြကြသည်။ ဆက်လက်၍ မြို့နယ်မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်းမန်နေဂျာ ဦးအောင်ငွေက မိုးကြိုချည်မျှင်ရှည်ဝါနှင့်မိုးနှောင်းဝါစိုက်ပျိုးရေးကို လည်းကောင်း၊ အသီးသီး ရှင်းလင်းတင်ပြကြပြီး ၂၀၀၄-၂၀၀၅ ခုနှစ် သီးနှံ ၁၀ မျိုး စိုက်ပျိုးရေးအတွက် ကျောက်ပန်းတောင်း၊ ပုပ္ပား၊ ငွေးကျစ်၊ လက်ပံဖျားမြို့များရှိ ကျေးရွာအုပ်စုဥက္ကဋ္ဌ များအား တာဝန်ပေးအပ်လွှာများကို မြို့နယ်ဥက္ကဋ္ဌက အသီးသီးပေးအပ်ကြကြောင်းသိရသည်။ **(ဝ၆၁)**



**ဇွန် ၄ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြံတိုင်းဆောင် သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူ ဆောင်ရွက်သည့် ကျောင်းကုန်း- ဆိပ်ကြီးကျေးလက်လမ်း ဂဝံခင်းခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းမြိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ကလိုက်လံရှင်းလင်းတင်ပြစဉ်။** (မြို့နယ်/စည်ပင်)

## နန့်ဆင်-ကျွန်းတောကျေးလက် လက်နှိပ်တွင်းဖွင့်

**အင်းတော် မေ ၃၀**

အင်းတော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးဖြစ်သည့် သုဒ္ဓါကျေးရွာအုပ်စု နန့်ဆင်-ကျွန်းတောကျေးရွာကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ လက်နှိပ်တွင်းတိမ်ဖွင့်ပွဲကိုမေ၁၉ရက်ကအဆိုပါ လက်နှိပ်တွင်းတိမ် အခမ်းအနား မုခ်ဦးတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌဦးခင်မောင်လေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦး၊ ကျွန်းတောကျေးရွာဥက္ကဋ္ဌ ကျေးရွာအုပ်စုအဖွဲ့ဝင် ဦးကျော်လှတို့က လက်နှိပ်တွင်းတိမ်ရေတွင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦးက လက်နှိပ်တွင်းတိမ်ဖွင့်ပွဲအထိမ်းအမှတ်အလံများကိုမြို့နယ်နှင့် ကျေးရွာတာဝန်ရှိသူများအား ပေးအပ်ကြသည်။ **(၁၃၃)**

## မြန်မာ့အသံ

**၁၀-၆-၂၀၀၄ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၀၇:၀၀ တရားတော်
(ဦးဥတ္တမသာရဆရာတော်ကြီး၏ ဝဋ္ဋသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
(စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်မှု)
၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ဒဿနရှုခင်း မေတ္တာတရားနှင့် အခြားဒဿနစာတမ်းများ (တစ်)
(အရှင်သံဝရာလင်္ကာရ)
(၂) မြန်မာ့မြို့ဟောင်း တကောင်း ရုပ်ပုံလွှာ(ချစ်စံဝင်း)
၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ
(သိပ္ပံစက်မှုနည်းပညာတိုးတက်မှု မှတ်တိုင်များအကြောင်း- ဒုတိယပိုင်း-မောင်ဆုရှင်)
၁၂:၃၀ အစာနှင့်အာဟာရ (ပျဉ်းတော်သိမ်)

**ညနေပိုင်း**

၁၆:၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၇:၀၀ တပ်မတော်စာတိုက်
၁၇:၁၅ သုတရေးရာဖြေကြားလွှာ
၁၉:၁၅ ဇာတ်လမ်းပမာ နားဆင်စရာ (အပျိုလိုမနေမိလို့)

**ဖြူးမြို့ တာခြားရပ်ကွက်နေ ပြည်သူများနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပူးပေါင်း၍ မေ ၂၉ ရက်က ဖြူးမြို့ ရန်ကုန်-မန္တလေးကားလမ်းဘေးရှိရေနုတ်မြောင်းမကြီး တူးဖော်ဆောင်ရွက်ခြင်းကို အမှုဆောင်အရာရှိ ဦးစိုးညွှန့်နှင့် ဦးစီးအရာရှိဦးအောင်သန်းတို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

## စာပေစာနယ်ဇင်း ဗဟိုဦးစီးအတွေ့အကြုံရှင်းလင်း

**တာချီလိတ် ဇွန် ၆**

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်း အဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုအစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲကို မေ ၂၅ ရက် မွန်းလွဲ ၁ နာရီက တာချီလိတ်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံး၌ကျင်းပရာ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ ဖိတ်ကြားထားသူများ၊ စာပေဝါသနာရှင်များတက်ရောက်ကြသည်။

အခမ်းအနားတွင်ရှေးဦးစွာ သဘာပတိမြို့နယ်စာပေနှင့်စာနယ်ဇင်းဥက္ကဋ္ဌ ဒေါက်တာမြင့်အောင်(မောင်မြန်မာ)က အမှာစကားပြောကြားပြီး တတိယအကြိမ်ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကိုယ်စားလှယ် ဦးစိုးစိုး(စိုးဦး/ပြန်ဆက်)က ညီလာခံအတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။ **(က-ပ)**

၁၉:၄၀ နှောင်းတေးတံတျာ

**မေ ၂၃ ရက်က ညောင်လေးပင် စည်ပင်သာယာရေးအဖွဲ့မှ ရေစီးရေလာကောင်းမွန်ရေးအတွက် ဆေးရုံဟောင်းလမ်းရှိ ရေမြောင်းကို ယန္တရားဖြင့် တူးဖော်ဆယ်ယူခြင်းလုပ်ငန်းဆောင်ရွက်ရာအမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းလွင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လှိုင်တို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

# လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့ သုဝဏ္ဏ စပယ်ဖြူလမ်း အမှတ် ၆၁နေ
ဦးကျော်မြင့်(အင်ဂျင်နီယာချုပ်၊မြန်မာ့မီးရထား၊အငြိမ်းစား)-ဒေါ်ခင်ခင်သိန်းတို့၏သားထွေး

**မောင်သန့်ဇင်** B.E(Civil) Y.T.U
M.E (Civil) Saitama University, Japan

နှင့်

ရန်ကုန်မြို့ ကျိုက္ကဆံ အဆင့်မြင့်အိမ်ရာ တိုက် ၆၊အခန်း ၂၁၃နေ
ဦးမြတ်တိုး(ရန်ကုန်တိုင်းတရားသူကြီး၊အငြိမ်းစား)-ဒေါ်မြင့်မြင့်သိန်းတို့၏သမီးလတ်

**မမြတ်ချောစု** B.E (Civil) Y.T.U
M.Sc(Environmental Engineering) National University of Singapore

တို့သည်

နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ စင်ကာပူနိုင်ငံ၌ ၁၄-၄-၂၀၀၄ ရက်တွင် လက်ထပ်ပြီး ၂၃-၅-၂၀၀၄ရက်တွင် စင်ကာပူနိုင်ငံ မြန်မာဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း၌ မင်္ဂလာဦးဆွမ်းကျွေးပြီး ဖြစ်ပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်သန့်ဇင်-မမြတ်ချောစု။**

## အမည်ပြောင်း

အဖ ဦးနိုင်မြင့်၏ သား အလက(၂) တာမွေ၊ ပထမတန်းမှ မောင်သော်ဇင်ဆက်အား မောင်ဉာဏ်လင်းထက်ဟု ပြောင်းလဲ ခေါ်ပါရန်။ **မောင်ဉာဏ်လင်းထက်။**

## အမည်ပြောင်း

ဦးလှရွှေ၏ သား ဟသ်ာတမြို့ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း အဋ္ဌမတန်း(A)မှ မောင်စံလင်းထက်အား မောင်ဉာဏ်လင်းဖြိုးဟု ခေါ်ပါရန်။ **မောင်ဉာဏ်လင်းဖြိုး။**

## အမည်ပြောင်း

အဖ ဦးကျော်ကျော်လင်း၏သား မင်္ဂလာဒုံ မြို့နယ် အထက(၂) ဒုတိယတန်း(B)မှ မောင်ဖြိုးသူအား မောင်အဂ္ဂမင်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အဂ္ဂမင်း။**


**အမေတစ်ယောက်ရဲ့လက်ရာနှင့်မခြား စားချင့်စဖွယ်အိမ်ထမင်းဟင်းကို သုံးဆောင်လိုပါက**

**အမေ့အိမ်**

**ထမင်းချိုင့် ကိုသုံးဆောင်ပါ**

**ဖုန်း- ၅၇၁၅၄၇၊ ၅၇၈၈၂၀**


**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ သတ္တုတွင်းဝန်ကြီးဌာန**
**ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**
**ကျောက်မျက်ရတနာသတ်မှတ်လုပ်ကွက် (အသစ်) အဆိုပြုလွှာများ တင်သွင်းရန်**

# ကြေညာချက် (၃/ ၂၀၀၄)

## ရန်ကုန်မြို့၊ ၁၃၆၆ ခုနှစ်၊ နယုန်လပြည့်ကျော် (၁)ရက်
## (၂၀၀၄ ခုနှစ်၊ ဇွန်လ ၃ ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် သတ်မှတ်လုပ်ကွက် (အသစ်) အဖြစ် အကွက်ရိုက် သတ်မှတ်ပေးရန် သတင်းပေးတင်ပြလွှာပုံစံ(မကလ/သမ-၁)ဖြင့် တင်ပြလျှောက်ထားသည့် လုပ်ကွက်များအနက် ကွင်းဆင်းစစ်ဆေးတိုင်းတာပြီး လုံးခင်း၊ ဖားကန့်ဒေသတွင် အကွက်ရိုက် သတ်မှတ်ထားသည့် သတ်မှတ်လုပ်ကွက် (အသစ်)များကို နိုင်ငံသား၊ ပုဂ္ဂလိက၊ ကုမ္ပဏီ/အသင်းများအား ဈေးပြိုင်စနစ်ဖြင့် တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များ ထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ သတ်မှတ်လုပ်ကွက် (အသစ်)များကို ဈေးပြိုင်စနစ်ဖြင့် အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (DEPOSIT) ကျပ်တစ်သိန်း ပေးသွင်းရပါမည်။ အာမခံစပေါ်ငွေများအား ခွင့်ပြုမိန့်ထုတ်ပေးမည့်လုပ်ကွက်အတွက် အဆိုပြုငွေများပေးသွင်းရာတွင် အဆိုပြုငွေမှ ခုနှိမ်ပေးသွင်းခြင်း/ခွင့်ပြုမိန့်မရသူများအား ပြန်လည်ထုတ်ပေးခြင်း စသည်တို့ကို ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီက သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာ တူးဖော်လုပ်ကိုင်လိုသည့်ကုမ္ပဏီများသည် သင်းဖွဲ့မှတ်တမ်းအရလည်းကောင်း၊ သမဝါယမအသင်းများသည် အသင်းစည်းကမ်းအရလည်းကောင်း၊ ကျောက်မျက်ရတနာတူးဖော်ခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်ရှိရမည့်အပြင်၊ ကုမ္ပဏီ၊ အသင်းသည် ရန်ကုန်မြို့၌ ရှိရပါမည်။ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားဆဲဖြစ်ပါက သက်ဆိုင်ရာအထောက်အထားစာရွက်စာတမ်းများ တင်ပြလျှောက်ထားနိုင်ပါသည်။ ၎င်းအပြင် ကျောက်မျက်ရတနာများတူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ/အသင်းများ အနေဖြင့် ခွင့်ပြုမိန့်ရရှိထားသည့် ကျောက်မျက်ရတနာလုပ်ကွက်များကို တရားမဝင် လွှဲပြောင်းခြင်း မပြုရန် သတ္တုတွင်းဝန်ကြီးဌာနမှ ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်တွင်ထုတ်ပြန် ကြေညာသည့် အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၉၉) အတိုင်း လိုက်နာဆောင်ရွက်ရမည့်အပြင် ကျောက်မျက်ရတနာ ထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် ခွင့်ပြုမိန့်ရရှိသူများလိုက်နာရန် သတ္တုတွင်းဝန်ကြီးဌာနက ၂၀၀၄ ခုနှစ် မေလ ၁၂ ရက်တွင် ထုတ်ပြန်ကြေညာသည့် အမိန့်ကြော်ငြာစာအမှတ် ၈၅/၂၀၀၄ အတိုင်းလိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ သတ်မှတ်လုပ်ကွက် (အသစ်) တစ်ကွက်အတွက် မြေအကျယ်အဝန်းမှာ တစ်ဧကဖြစ်ပါသည်။ သို့ရာတွင် အချို့သတ်မှတ်လုပ်ကွက် (အသစ်) များအနေဖြင့် တစ်ဧကထက်လျော့နည်းသည့်လုပ်ကွက်များလည်း ပါဝင်ပါသည်။ လုပ်ကွက်နယ်မြေ အကျယ်အဝန်းနှင့် ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီက ညှိနှိုင်းဆုံးဖြတ်ခြင်းကိုလိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။ သတ်မှတ်လုပ်ကွက် (အသစ်)အတွက် ခွင့်ပြုသက်တမ်းမှာ (၃)နှစ်ဖြစ်ပြီး အနည်းဆုံးပေးသွင်းရမည့် အဆိုပြုငွေမှာကျပ် ၁၀ သိန်း ဖြစ်ပါသည်။ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးမည်ဖြစ်၍ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းမည့်အဆိုပြုငွေကို ဂဏန်းဖြင့်သာမကဘဲ၊ စာသားဖြင့်ပါ တိတိကျကျ ဖော်ပြရမည်ဖြစ်ပါသည်။

၅။ မိမိတို့တူးဖော်လိုသည့် သတ်မှတ်လုပ်ကွက် (အသစ်) လုပ်ကွက်များကို လုပ်ကိုင်မည့် ပုဂ္ဂိုလ်များကိုယ်တိုင် ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီးမှသာ လုပ်ကိုင်မည့်သူကိုယ်တိုင် လက်မှတ်ရေးထိုး၍ အဆိုပြုလွှာများတင်သွင်းရန် ဖြစ်ပါသည်။ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိပြီးနောက်မှ ကျောက်မျက်တူးဖော်ထုတ်လုပ်ရန် မြေမှန်မရှိခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးဖော်ပြ၍ ကြိုတင်ပေးသွင်းထားသည့် အာမခံစပေါ်ငွေများနှင့် နိုင်ငံတော်သို့ပေးသွင်းပြီးသော အဆိုပြု ငွေများကို ပြန်လည်ထုတ်ပေးရန်၊ လုပ်ကွက်နေရာ ပြောင်းလဲပေးရန်တင်ပြခြင်းများကို ခွင့်ပြုမည်မဟုတ်ပါ။ ၎င်းအပြင် အဆိုပြုလွှာများတင်သွင်းရာတွင် လုပ်ငန်းမှတ်ပုံတင်ခြင်း မရှိသည့်အဆိုပြုလွှာများနှင့် ပြည့်ပြည့်စုံစုံ ဖော်ပြခြင်းမပြုသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့်အဆိုပြုလွှာ ပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါ အတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာများထုတ်ယူခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် ၂၀၀၄ ခုနှစ်၊ ဇွန်လ ၇ ရက်မှစ၍ အမှတ် ၆၆၊ ကမ္ဘာအေးစေတီ လမ်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)တွင် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီမှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံ တင်ပြီး အဆိုပြုလွှာများထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက် (အသစ်)များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ-၂)နှင့်ပုံစံ (သမ-၁)တို့တွင် လိုအပ်သည်များ ကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍၊ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင် ချိပ်ထိုးပြီး ၂၀၀၄ ခုနှစ် ဇွန်လ ၇ ရက်မှ ၂၀၀၄ ခုနှစ် ဇူလိုင်လ ၂ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ အမှတ် ၆၆၊ ကမ္ဘာအေးစေတီလမ်း၊ရန်ကုန်မြို့တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၇။ အသေးစိတ်သိလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ ရန်ကုန်မြို့တွင်လည်းကောင်း၊ မိုးကုတ်နှင့်လုံးခင်းတွင် အခြေပြုသည့် ကျောက်မျက်ကျောက်စိမ်း တူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့်မိုင်းရှူး/လွိုင်ဆောင်ထောက်တွင်အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်းစခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး**
**စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ။**


**ဆိုင်းသန်းရောင်မည် ( ညီနှိုင်း )**
**ပိုက်ချုပ်စေရှေး သိမ်ခြုံ အခြင်းလုပ်ဆိုင်ခန်း**
ဖုန်း - 375429
ဖုန်း - 555894


# ကန့်ကွက်ရန်

ကျွန်တော် ဦးဇော်နိုင်မြင့်သည် ၁၂၃လမ်း အမှတ် ၂၄ ပထမအလွှာ ခေါင်းရင်းခန်းကို ကန်ထရိုက်တာထံမှ ဝယ်ယူရန် သဘောတူညီပြီး ၄-၆-၂၀၀၄ ရက်တွင် စရန်ငွေပေးထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းပိုင်ရေးဆိုင်ခွင့်ရှိသူသည် ယနေ့မှစ၍ (၇)ရက်အတွင်း အောက်တွင်လိပ်စာပါသူထံ ကိုယ်တိုင်ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းနှင့် တကွ ဆက်သွယ်ပါရန်။

**ဦးဇော်နိုင်မြင့်** ၁၂/မဂတ(နိုင်) ၀၀၉၄၃၃
အမှတ် (၂၅) ၁၂၇လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း-၂၉၅၆၈၈

# ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သန်းအေး
## အသက် (၈၇) နှစ်
## (စိန်ပဒေသာ၊ သာယာဝတီမြို့)

ဦးခင်ဝင်း-ဒေါ်နုနုစန်း (အောင်စကြာကုမ္ပဏီ၊ ခင်ဝင်းအော်တိုမိုဘိုင်း အင်တာပရိုက်) နှင့် ဦးစိန်ထွေး-ဒေါ်ခင်စန်းလွင် (ပုလဲစတိုးနှင့်တာယာ ရောင်းဝယ်ရေး-ပြည်မြို့)တို့၏ မိခင်ကြီး ဒေါ်သန်းအေး (စိန်ပဒေသာ၊သာယာဝတီမြို့)သည် ၄-၆-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရသည့် အတွက် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

| | |
|---|---|
| ၁။ ဦးမူဆာ(ခ)ဦးလှငွေး | Bismillah-Tyre (Moe Myint Htay In't Co.,Ltd.) |
| ၂။ ဦးဝင်းထိန် | (ဧကရာဇ်တာယာရောင်းဝယ်ရေး) |
| ၃။ ဦးသိန်းဇော်နှင့်တူများ | (Lucky Man Co.,Ltd.) |
| ၄။ အနော်ရထာ | တာယာဆိုင်မိသားစု |
| ၅။ ဦးပေါ်လိန်း | တာယာရောင်းဝယ်ရေး |
| ၆။ ဦးခင်စိန်နှင့်တူများ | တာယာရောင်းဝယ်ရေး |
| ၇။ ဦးဝင်း | (Win Cherry Co.,Ltd.) |
| ၈။ ဦးကျော်သက်နှင့်ညီများ | (Aung Kaung Zan Co.,Ltd.) |
| ၉။ Tristar General Trading Co.,Ltd. | |
| ၁၀။ ဦးတင်ရွှေ | (SIAM STAR Co.Ltd.) |
| ၁၁။ ရွှေအားမာန် | တာယာရောင်းဝယ်ရေး |
| ၁၂။ ရွှေပြည်ကျော် | တာယာရောင်းဝယ်ရေး |
| ၁၃။ အကျင်းနှင့်ညီများ | တာယာရောင်းဝယ်ရေး |
| ၁၄။ ဦးတော်မီ | (ဧဒီပါ ကုမ္ပဏီလီမိတက်) |
| ၁၅။ ရွှေမြိုင် | တာယာရောင်းဝယ်ရေး |
| ၁၆။ ဦးလှမြင့် | (HLA Myint Trading Co.,Ltd.) |
| ၁၇။ ဦးငွေးမြင့် | (ကွန်ပျူတာ တာယာရောင်းဝယ်ရေး) |
| ၁၈။ ခင်ဇော်နှင့်ညီများ | (မော်လမြိုင်တာယာဆိုင်) |
| ၁၉။ ရွှေကြည်သာ မိသားစု | |
| ၂၀။ ကိုကျော်ဆန်းမြင့်နှင့်ညီများ | (Happy Brothers Trading Co.,Ltd.) |
| ၂၁။ မန္တလေးပါဝါကုမ္ပဏီလီမိတက် | |

# ချစ်ဇနီးနန်းခမ်းခမ်းဝါ( ဒေါ် )နန်းကြာလွင်အတွက်

## မွေးနေ့ဆုတောင်း

နန်းခမ်းခမ်းဝါ၏ ၉-၆-၂၀၀၄ ရက်တွင် ကျရောက်သော မွေးနေ့မှသည့် နောင် နှစ်ပေါင်း ၁၂၀ တိုင် ချစ်သော မိသားစုနှင့်အတူ ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ။

| | | |
|---|---|---|
| **မေမေ** | - | ဒေါ်နန်းရွှေကြာ (အမှတ် ၆၃၊ စမ်းချောင်းလမ်း) |
| **ခင်ပွန်း** | - | ဦးဝင်းတင့် (ခေတ္တကျိုင်းတုံ) |
| **သမီးကြီး** | - | သက်ထားရွှေစင်၊ V အထက ၂၊ စမ်းချောင်း၊ |
| **သမီးငယ်** | - | ယုဇနရွှေစင်၊ သူငယ်တန်း၊ အထက ၃၊ စမ်းချောင်း။ |

# ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားမူပိုင်ဖြစ်ကြောင်း

## သတိပေးကြေညာချက်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ၁၂လမ်း၊ အမှတ် ၈၅နေ ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးစိုင်းအောင်စိုး ၁၂/လမန(နိုင်) ၀၂၇၆၈၅ သည် အောက်တွင်ဖော်ပြထားသော (၁)"SUMO" ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို မှတ်ပုံတင်စာချုပ်အမှတ် ၂၉၆၆/၂၀၀၄ ဖြင့် လည်းကောင်း ၊ (၂) "F-KILLER"ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မှတ်ပုံတင်စာချုပ်အမှတ် ၂၉၆၇/၂၀၀၄ဖြင့် လည်းကောင်း၊ (၃) "Leo"ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို မှတ်ပုံတင်စာချုပ်အမှတ် ၂၉၆၈/ ၂၀၀၄ ဖြင့်လည်းကောင်း၊ မိမိတစ်ဦးတည်းမူပိုင်အဖြစ် တရားဝင်သုံးစွဲအသုံးပြုရန် ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

SUMO F-KILLER Leo

အထက်ပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားသုံးမျိုးဖြင့် "ခြင်ဆေးခွေ၊ ခြင်ဆေးဘူး၊ ခြင်ဆေးတိုင်၊ခြင်နိုင်ဆေးပြား၊ ခြင်တိုင်ဆေးရည်၊ ခြင်နိုင်ဆေးခဲ၊ ခြင်နိုင်လိမ်းဆေး အစရှိသော ခြင်နိုင်ဆေး အမျိုးမျိုးနှင့် အလှကုန်ပစ္စည်း အမျိုးမျိုးတို့ကို ထုတ်လုပ်သွားမည်ဖြစ်ပြီး အဆိုပါပစ္စည်းအမျိုးမျိုးကို ထည့်သွင်းအသုံးပြုသော ပုလင်း၊ ပလတ်စတစ်ဘူး၊ ပလတ်စတစ်အိတ်၊ စက္ကူပတ်၊ စက္ကူရွက်၊ စက္ကူဘူး၊ စက္ကူအိတ်၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်း အစရှိသည်တို့ အပေါ်တွင်လည်းကောင်း၊ အဆိုပါကုန်ပစ္စည်းများ အပေါ်တွင်လည်းကောင်း၊ အထက်ပါကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး ပြုလုပ်ပြီးလျှင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍အသားတံဆိပ်ပြုလုပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စု မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည် ဖြစ်ပါသည်။

ထို့ပြင် အဆိုပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသား သုံးမျိုးကို ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ လက်ကမ်းကြော်ငြာစသည့် ကြော်ငြာအမျိုးမျိုး၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး အစရှိသည်တို့တွင်လည်း ဦးစိုင်းအောင်စိုးက တစ်ဦးတည်း မူပိုင်အဖြစ် အသုံးပြုသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးစိုင်းအောင်စိုး တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်ထားသော အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသား သုံးမျိုးကို မည်သူမဆို တစ်စိတ်တစ်ဒေသကို လည်းကောင်း၊ အားလုံးကိုလည်းကောင်း၊ ပုံတူကူး၍ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေထင်ယောင်ထင်မှားဆင်တူယိုးမှား တုပပြုလုပ် သုံးစွဲသည်ကို တွေ့မြင်ကြားသိရပါက တရားမကြောင်းအရ လည်းကောင်း၊ ပြစ်မှုကြောင်းအရလည်းကောင်း၊ တရားစွဲဆို အရေးယူခံရမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ ဦးတင်ယု**
(ဦးစိုင်းအောင်စိုး၏ တရားရုံးချုပ်ရှေ့နေ)
အမှတ် ၂၉၊ ၄-လွှာ၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အသားတိုးကြက်ပေါက် Broiler (D.O.C) ဝယ်ယူသူများအတွက်သတင်းကောင်း**

ကျွန်တော်များ Green Nine Stars Enterprise မှ အသားတိုးကြက်ပေါက် (Broiler D.O.C) များကို June, July, Aug လများအတွင်း ဝယ်ယူသူများ အား အထူးအစီအစဉ်အနေဖြင့် အောက်ပါအခွင့်အရေးများကို ပေးနေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

- ကြက်ပေါက်အကောင် (၁၀၀၀) ဝယ်ယူသူတိုင်းကို 1Kg အားဆေးဘူးတစ်ဘူး(သို့) ကာကွယ်ဆေး (၃) လုံး (ND + IB, IBD, Lasota) အတွက် လက်ဆောင်ပေးပါမည်။
- ကြက်ပေါက်အကောင် (၁၀၀၀) ဝယ်ယူသူတိုင်းကို မေတ္တာလက်ဆောင်အဖြစ် အပိုအကောင်ရေ (၅၀) ပေးပါမည်။ ● ကြက်ဖြူအရောက်အခမဲ့ပို့ပေးပါမည်။
- ကြက်ပေါက်များကို အပတ်စဉ်အင်္ဂါနေ့နှင့် စနေနေ့တို့တွင် တစ်ကောင်လျှင် ကျပ် (၃၀၀) နှုန်းဖြင့် ရောင်းချပေးနေပါပြီ။ ❖ လိုအပ်ပါကဆက်သွယ်မှာယူနိုင်ပါသည်။ ❖

အမှတ် (၂၃၆) ၂၉ လမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ - 242047, 370537, 370538, Fax : 251400, H.P : 09-80-21059, 09-80-23377



# မိုးရာသီဘိမ်ရာအရောင်းပွဲတော်

**( ၁.၆.၂၀၀၄ မှ ၁၅.၆.၂၀၀၄ ) အတွင်း**

## "ယုဇနအောက်လုပ်ရေးအဖွဲ့၏မွန်မြတ်သောစေတနာ"

**(လူတိုင်း၊ လူတိုင်း၊ တိုက်ခန်းနှင့် ခြံနှင့် နေနိုင်ရမည်)**

- အဆင်သင့်နေနိုင်သည့်တိုက်ခန်းသစ်များ၊ တည်ဆောက်ဆဲတိုက်ခန်းများ၊ ဆိုင်ခန်းများ၊ မြေကွက်များ
- လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်၊ သုဝဏ္ဏမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒဂုံတောင်/မြောက်မြို့နယ်
- တိုက်ခန်းချိုးပုံ၊ အထပ်ပုံ၊ အရွယ်ပုံ HALL TYPE ၊ ROOM TYPE
- လူနေခန်းပဲလုပ်လုပ်၊ ရုံးခန်းပဲလုပ်လုပ်၊ စီးပွားရေးပဲလုပ်လုပ်၊ ကြိုက်တာလုပ်နိုင်သည့်အခန်းများ

**ပွဲတော်ကာလအတွင်း ၂၀% မှ ၃၀% အထိလျှော့၍ ဦးရာလူစနစ်ဖြင့် ရောင်းချပေးပါမည်**

**အမြတ်ငွေကို ဝယ်ယူသူမှ ပေးရန်မလိုပါ၊ ရောင်းချသူမှ ပြည်တွင်းအခွန်ဦးစီးဌာနသို့ ပေးသွင်းပါမည်**

**တိုက်ခန်းတန်ဖိုးအနည်းဆုံး ( ၂၁ ) သိန်းဖြစ်ပါတယ်**

အနယ်နယ် အရပ်ရပ်မှ စဉ်ဆက်မပြတ် ဝယ်ယူအားပေးသူအားလုံးကို အထူးကျေးဇူးတင်လျက်ရှိပါကြောင်း

အရောင်းဌာန – ယုဇနစင်တာ (ရုံးချုပ်)၊ တတိယထပ်၊ အမှတ် (၁၃၀) ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၅၄၀၇၄၅၊ ၅၄၀၇၄၆၊ ၅၄၀၇၄၇



ဌာနဆိုင်ရာလုပ်ငန်းများနှင့် စက်မှုနှင့် စက်မှုလုပ်ငန်းများအတွက်

အမှတ်(၂)စက်မှုဝန်ကြီးဌာန၊ မြန်မာ့စက်ပိုင်းရာစက်မှုလုပ်ငန်းမှ

**လျှပ်စစ်သံကြိုးချောင်း**

No. 8, No. 10. 12 (4 mm∅, 3.25 mm ∅, 2.5 mm ∅)

များကို သက်သာသောဈေးနှုန်းများဖြင့် အရေအတွက် အကန့်အသတ်မရှိ

ကိုအပ်သကို လျှပ်ချယ်ရောင်းချနိုင်ပါပြီ။

ဆက်သွယ်ရန် – မြန်မာ့စက်ပိုင်းရာစက်မှုလုပ်ငန်း (အမှတ်-၆ ဘီ၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်)

☎ ၆၆၂၈၆၀၊ ၆၅၀၂၇၂၊ ၆၆၂၉၉၇ E-mail Address: mfxmin @ myanmar.com.mm

– ရွှေမြန်မာအရောင်းဆိုင်များ (ရန်ကုန်၊ မန္တလေး၊ မြင်း၊ မကွေး)



(ညောင်ဦးမြို့ကယ်ဆေးကောက်ဆ) ရေ

ဒေါ်အေးဆု(PGN-099950) နှင့် မကောကောနိုင်(NYU-009615)

တို့အားရှင်း ကြော်ငြာခြင်း

ကျွန်ုပ်၏ မိတ်ဆွေ ဦးသန်းဝင်း (၁၂/ဗဟန(နိုင်)၀၀၃၀၀) က ကျွန်ုပ်မှတဆင့်ပြောကြားသည်မှာ (၉-၅-၂၀၀၄) ရက်စွဲပါ ... ငွေများကို ... မြန်မာနိုင်ငံ ... ဖြစ်ကြောင်း ... ကြော်ငြာအပ်ပါသည်။

ညွှန်ကြားချက်အရ

ဦးအောင်မြင့် (L.L.B, D.B.L) တရားလွှတ်တော်ရှေ့နေ

[illegible]



## ဒေါ်တင်ရီ (ပေါင်းတလည်)
**အသက်(၈၇)နှစ်**

ပေါင်းတလည်မြို့၊ လမ်းမတော်အရှေ့ပိုင်းနေ (ဦးလှရင်)၏ဇနီး၊ (ဦးတင်ဝင်း)၊ ဒေါ်ခင်အေးကြည်(မြန်မာ့ကုန်တိုက်၊ ငြိမ်း)၊ ဦးဆန်း(ခရိုင်ပြန်/ဆက်၊ မကွေး)၊ ဒေါ်ခင်မျိုးကြည်(သာထွန်းပြန့်)၊ဦးမြင့်ရီ၊ဒေါ်သန်းဌေး(အလက–၁၊ လမ်းမတော်)၊ ဦးထွန်းအောင်မြင့်(အထက၊ ပေါင်းတလည်)၊ ဒေါ်တင်သန်း (အက်စ်အေတီ၊ အနောက်ကြို့ကုန်း)၊ ဦးလှိုင်ကျော်၊ ဒေါ်ရီရီသန်းတို့၏မိခင်၊ ဦးသက်မြင့်ဦး၊ ဒေါ်မေရီ၊ မဝေမျိုးဦး(မြန်မာ့ယူနီဗာဆယ်ဘဏ်၊ ဘုရင့်နောင်)၊ မောင်ကျော်ကျော်ဝင်း၊ မောင်ထိန်လင်းဝင်း၊ မောင်ထူးနန္ဒာကျော်၊ မောင်ဇော်မျိုးထက်၊ မထွေးငယ်စု၊ မနွေးသင်ဇာဝေ၊ မသူသူအောင်၊ မောင်အောင်သူရကျော်၊ မစုမြတ်ထွေးတို့၏အဘွားသည် ၈–၆–၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၀၀:၀၂ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀–၆–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ရွှေကြို့ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

## ဒေါ်ကျင်
**အသက်(၆၃)နှစ်**

ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ တော်ကူးကြီးကျေးရွာနေ (ဦးဖိုးသွယ်–ဒေါ်သိန်းတင်)တို့၏သမီး၊ အမှတ်(၂)ဒဂုံကျောင်းဝင်းနေ(ဦးထွန်းတင်)–ဒေါ်ကျင်မြ၊ အမှတ်(၃)ဒဂုံကျောင်းဝင်းနေ (ဦးမောင်သင်)–ဒေါ်တင်ငွေ၊ ဦးဌေးလှိုင်–ဒေါ်ခင်ဌေး(ရွှေပြည်စိုး လက်ဖက်ရည်ဆိုင်)တို့၏ညီမ၊ ဦးစံလှ(ပြန်ကြားရေးဝန်ကြီးဌာန)–ဒေါ်စန်းရီ၊ ဦးမင်းမင်းဦး(မိုးယံဆံသ)–ဒေါ်စန်းစန်းရီ(နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဦးရန်နိုင်–ဒေါ်ခင်ဆွေယု (ခေတ်လိုက် ဆံသ)၊ ဦးတင်မြင့်(အမှတ်–၃၊ ဒဂုံ)၊ ဦးထွန်းထွန်းဦး–ဒေါ်သီတာထွေး(ချာညိုသင်းစတိုး) ဦးသန်းဇော်ဦး၊ ဦးစိုးသိန်း၊ မရီရီတင်၊ မမျိုးမျိုး၊ ဦးအေးဇော်–ဒေါ်မြင့်မြင့်ခိုင်တို့၏အဒေါ်၊ မမြင့်မြင့်သူ၊ မောင်ကောင်းဆက်ဟန်၊ မငုဇာသင်း၊ မချာညိုသင်း၊ မနိုအင်ကြင်းတို့၏အဘွားလေး၊ မြေးငါးယောက်တို့၏ အဘွားလေးသည် ၈–၆–၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၈:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀–၆–၂၀၀၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဒေါ်သန်းမြင့်
**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၂၊ ၁၁၉ လမ်းထိပ်နေ ဦးဝင်းအောင်၏ဇနီး၊ မစန္ဒာဝင်း၊ မမိုးစန္ဒာ၊ မောင်သန်းထွန်းအောင်၊ မောင်သီဟအောင်တို့၏မိခင်သည် ၆–၆–၂၀၀၄ ရက် နံနက် ၁၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀–၆–၂၀၀၄ရက် မွန်းလွဲ ၁:၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း၊ ကွယ်လွန်သူအားရည်စူး၍ ၁၂–၆–၂၀၀၄ရက်( စနေနေ့)တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာကြားမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

## ကိုညီညီခိုင် (ပုသိမ်)
**အသက်(၃၉)နှစ်**

ပုသိမ်မြို့၊ အမှတ် ၄၊ သီတာလမ်းနေ (ဦးပန်းခိုင်)–ဒေါ်သန်းအေးတို့၏သား၊ မဝေဝေခိုင်၊(ကိုတင်မြင့်)၊ မဝင်းဝင်းခိုင်၊ မညိုညိုခိုင်၊ကိုထွန်းထွန်း–မတင်တင်ဝင်းတို့၏မောင်၊ ကိုမြင့်ခိုင်–မနွယ်နွယ်တို့၏ညီ၊ ကိုမောင်မောင်ခိုင်၊ မောင်ထက်ဝေယံထွန်း၊ မောင်ညီမိုးစိုးအောင်တို့၏ဦးလေးသည် ၇–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၉–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် သစ်ညိုကုန်းသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

## ခရစ်တော်၌အိပ်ပျော်ခြင်း
## Cici Lia Man Lun Cing
**အသက်(၁၀)နှစ်**

စစ်ကိုင်းတိုင်း၊ တမူးမြို့နယ်၊ ခမ်းပတ်မြို့ခွဲ၊ အမှတ်(၃)ရပ်ကွက်နေ ဦးနပ်ခိုပေါင်–ဒေါ်ငိုက်ခန်းနွမ်းတို့၏ သမီး၊ မမန့်ငိုက်ညောင်၊ မဂုန်လမ့်ကျိန်တို့၏ညီမသည် ၇–၆–၂၀၀၄ရက် နံနက် ၈:၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၉–၆–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

## အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
## ဟာဂျီဦးအေးမောင်(ခ)
## ဟာဂျီမိုဟာမွဒ်အီစမန်အီလ် (မြိတ်)
**အသက်(၇၂)နှစ်**

(ဦးဟာမက်–ဒေါ်အီ)တို့၏ သား၊ (ဦးတင်မောင်–ဒေါ်ရှုကီယာ)တို့၏ သားသမက်၊ မြိတ်မြို့၊ ကန်ခေါင်းရပ်၊ ဆေးရုံလမ်းနေ ဟာဂျီမဒေါ်ဆာရာဘီ(ခ) ဟာဂျီမဒေါ်ခင်နွဲ့၏ခင်ပွန်း၊ ဦးအေးကိုကို–ဒေါ်စန္ဒာအေး၊ ဒေါ်သီတာအေး၊ ဦးဆာလခန်း–ဒေါ်ဥမ္မာအေး၊ကိုခင်မောင်အေး–မစန္ဒာယု၊ ကိုတင်မောင်အေးတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၆–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၆:၃၀ နာရီတွင် အလ္လာအရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ညနေ အစ္စာရ်နမာအပြီးတွင် ရန်ကုန်မြို့ ရေဝေးမွတ်ဆလင်ဥယျာဉ်တော်၌ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

## အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
## ဒေါ်ဇော်ရာ(ခ)ဒေါ်လှစိန်
**(စစ်တွေမြို့)**
**အသက်(၇၂)နှစ်**

စစ်တွေမြို့၊ မြို့သူကြီးရပ်ကွက်၊ လမ်းမကြီးနေ [ဦးမောင်သာဇံ(ခ)ဦးမူနော်ဒိန်]၏ဇနီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြယာကုန်းလမ်း၊ အမှတ် ၁၃၀ နေ ဒေါ်ခင်လှ(တောင်ညွန့်တရားရုံး)၊ ဒေါ်လှလှမေ–(ဦးလှမြင့်)၊ ဦးခင်မောင်လေး–ဒေါ်စောသိန်း၊ ဦးညီပု–ဒေါ်ကျော့စိန်၊ ဒေါ်လှမြိုင်–ဦးလှဝင်း၊ ဦးတင်အောင်–ဒေါ်လှစိန်၊ ဒေါ်လှလှရီ–ဦးညွန့်မောင်၊ ဒေါ်လှလှမြင့်–ဦးဝင်းမောင်၊ ဒေါ်လှလှဇံ၊ ဦးသန်းလွင်–ဒေါ်မိုးသီတာ၊ ဒေါ်လှအေးဇံ–ဦးစိန်လွင်တို့၏မိခင်၊ မြေး ၂၂ ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၆–၆–၂၀၀၄ရက် နံနက် ၉:၅၀ နာရီတွင် မြယာကုန်းလမ်းနေအိမ်၌အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ညနေ အစ္စာရ်နမာဇ်အပြီးတွင် ရေဝေးကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

**ကားရောင်းမည်**
**Mazda 626 Saloon**
**84 Model**
**အ/၄ ------**
**Ph - 210056**

## မော်တော်ယာဉ်(ကမ–၃)မိတ္တူပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၈ျ/၈၁၄၃ လက်ဝယ်ရှိသူက မော်တော်ယာဉ်(ကမ–၃)မိတ္တူပျောက်ဆုံးထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊(ရန်ကုန်တိုင်း)။**




## ခရစ်တော်၌အိပ်ပျော်ခြင်း
## Pu Dai Cin Pau
## (Valte House), Haiciin Khua, Cikha Township,
## ချင်းပြည်နယ်၊ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ(ဟောင်း)
**အသက်(၈၂)နှစ်**

ချင်းပြည်နယ်၊ ဟိုင်ကျင်းရွာနေ (Pu Thang Za Cin– Pi Ning Khaw Cing)တို့၏သားကြီး၊ Pu Gin Thang(Guite)– Pi Kai Man တို့၏သမက်၊ Nu Ciin Zam, Sgt. Thang Za Vungh(ငြိမ်း)– Nu Ciin Khan Niang(ကလေးမြို့)၊ Nu Dim Khaw Vung– Pa Kai Khan Nang(Seel bung), Flt-Sgt.Laang Cin Lal(d)– Nu Niang Za Man(ရွှေပြည်သာ), Pa C. Thang Za Tuan (ဒုညွှန်ချုပ်၊ အမှတ်–၁၊ အခြေခံပညာဦးစီးဌာန)– Nu Cin Khan Lun (ဓမ္မအမှုတော်ဆောင်)၊Nu Zam Khan Vung– Sgt.Cin Do Kap (ငြိမ်း) (ရွှေပြည်သာ)တို့အစ်ကိုကြီး၊ Pa Cin Go Lam Thang (မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၊ မော်ဘီ)–Nu Vung Khen Niang, Nu Cing Khaw Hau– Pastor Kham Za En, Cpl. Mang Khaw Kham– Nu Cing Sian Zam, Nu Ngai Khan Niang– Sgt.Kham Khaw Mang (Shillong), Nu Lal Zeel Cing– Cpl. Mang Khan Lian, Pa Kham Lian Suan-Nu Vung Za Ciin တို့၏ဖခင်၊ Nu Ning Khaw Vung(Pu Pum Khaw Mang ၏အစ်မကြီး၊ ရန်ကုန်)၏ခင်ပွန်း၊ မြေး ၃၂ ယောက်တို့၏အဘိုးသည် ၇–၆–၂၀၀၄ရက်တွင်ဟိုင်ကျင်းရွာ၌ကွယ်လွန်သွားပါသဖြင့် ၉–၆–၂၀၀၄ရက်တွင် ဇာတိရပ်ရွာ၌ပင် မြေမြှုပ်သင်္ဂြိုဟ်မည်ဖြစ်ကြောင်း။

ကျန်ရစ်သူမိသားစု။

## ဦးဘဝင်း
**(ဝပ်ရှော့ဆရာ)**
**အသက်(၄၃)နှစ်**

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်နေ (ဦးအောင်ကြည်)–ဒေါ်စွမ်တို့၏ သား၊ (ဦးထွန်းဇံ)–ဒေါ်သန်းသန်းတို့၏ သားသမက်၊ ဦးစောအောင်–ဒေါ်ငယ်၊ ဦးလှဝင်း–ဒေါ်မုန်းတို့၏တူ၊ ဦးမောင်မောင်–ဒေါ်အေးအေး၊ ဦးထွန်းမြိုင်–(ဒေါ်မြမြဝင်း)၊ ဦးခင်မောင်ဝင်း–ဒေါ်ကြူ၊ ဦးသိန်းဝင်းကြီး – ဒေါ်ခင်မြင့်တို့၏ မောင်၊ ကိုသိန်းဝင်း–မမိုးသီတာတို့၏အစ်ကို၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံအရှေ့ ၃ လမ်း၊ အမှတ် ၁၂၁၁ နေ ဒေါ်မိမိသော်၏ခင်ပွန်း၊ မောင်ဇာနည်ထွန်း၊မောင်နိုင်ကိုဝင်း၊မမြသော်တာဝင်းတို့၏ဖခင်၊ တူ တူမ ၁၁ ယောက်တို့၏ဦးလေးသည် ၇–၆–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉–၆–၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## မဆွေထက်သူ (ရန်ကင်း)
**(သိန်းဆေးစတိုးဆိုင်)**
**အသက်(၂၁)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် ၂၂၂၊ အခန်း ၂၊ တိုက်လေးလုံးနေ (ဦးထွေးမောင်)–ဒေါ်ခင်ကြည်၊ ဒေါ်နုကျင်၊ ဦးအောင်မြင့်– (ဒေါ်ရင်မေ)တို့၏မြေး၊ ဦးသက်ဦး (စစ်မှုထမ်း၊ ငြိမ်း)–ဒေါ်ရီရီထွေး(အိုးအိမ်၊ဒဂုံမြောက်)တို့၏ သမီး၊ မောင်သက်နောင်ဦး (ပထမနှစ်၊ ပထဝီ)၏အစ်မ၊ မန္တလေးတိုင်း၊ မလှိုင်မြို့နယ်၊ သံပုရာကန်ကျေးရွာနေ ဦးချစ်ပိုင်–(ဒေါ်လှထွေး)တို့၏ သမီးချွေးမ၊ ဦးစံမြင့်–ဒေါ်တင်တင်လှ၊ (ဦးမောင်မောင်)–ဒေါ်တင်တင်၊ ဦးမျိုးထွေး (ရုပ်ရှင်၊ငြိမ်း)–ဒေါ်အေးအေးမြင့်(ရုပ်ရှင်၊ ငြိမ်း)၊ဦးငွေထွေး–ဒေါ်ခင်ခင်စု(အိုးအိမ်)၊ ဦးစိုးထွေး(အိုးအိမ်)၊ ဦးတိုးတိုးနိုင်ထွန်း (Heaven Born Band)–ဒေါ်သိန်းသိန်းထွေး(အိုးအိမ်)၊ ဦးကျော်သူ–ဒေါ်ညွန့်ညွန့်ရီ၊ ဒေါ်ခင်အေးစိုး၊ ကိုမိုးကျော်–မချစ်စုပန်တို့၏တူမ၊ မနဝေ၊ ကိုမြင့်ကျော်–မခင်မျိုးဝင်း၊ မစန်းမူတို့၏ညီမ၊ ကိုလင်းအောင်၏ဇနီးသည် ၇–၆–၂၀၀၄ ရက် ည ၁၀ နာရီတွင် အမျိုးသမီးနှင့်ကလေးဆေးရုံ တောင်ဥက္ကလာပ၌ ကွယ်လွန်သွားပါ၍ ၉–၆–၂၀၀၄ရက် ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
## ဦးသာဇံ
**(ကန်တော့ခံသက်ကြီး)**
**အမှုတွဲထိန်း(အငြိမ်းစား)**
**အသက်(၈၈)နှစ်**

ရန်ကုန်တိုင်း၊တောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၃၄၁၊ မင်းခေါင် ၁ လမ်း၊ (၆) ရပ်ကွက်နေ ဦးသာဇံ ရာသက်ပန်အသင်းဝင်အမှတ်–၂၂၇သည် ၄–၆–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၆–၆–၂၀၀၄ ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအားသိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့။

## ဦးလှမောင်
**အသက်(၇၉)နှစ်**

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ အိမ်အမှတ် ၅၆၊ ကံ့ကော်မြိုင်လမ်းသွယ် ၄ နေ ဒေါ်ကျင်အုန်း၏ခင်ပွန်း၊ ဦးလှအောင်–ဒေါ်ယဉ်ယဉ်မြင့်(မချို) [ပွင့်သစ်ကမ္ဘာအေး]၊ ဦးခင်အောင်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၈–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၀–၆–၂၀၀၄ ရက်(ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဒေါ်ညီမလေး(ခ)ဒေါ်ပြုံး
**(မုံရွေး–ကြေးမုံ)**
**အသက်(၇၃)နှစ်**

မုံရွာမြို့နယ်၊ မုံရွေး–ကြေးမုံရွာနေ (ဦးချစ်ထွေး–ဒေါ်လှတင်)တို့၏ သမီး၊ ဒေါ်မြင့်ကြည်၏ညီမ၊ ဒေါ်ခင်လဲ့ကြည်၏အစ်မ၊ ဦးလှမြင့်(ကပရ)–ဒေါ်ကေသီနွဲ့(ကပရ)၊ ဦးကျော်စွာ (အလက–၅၊ မရမ်းကုန်း)၊ ဒေါ်နွယ်နီ(လူမှုဖူလုံရေးရုံးခွဲ–၄)၊ ဦးမြင့်ဦး–ဒေါ်ညိုညိုတာ၊ ဦးကျော်ရီ(ဆည်မြောင်း)–ဒေါ်ချိုချိုမာ၊ ဦးဇော်သန်း–ဒေါ်သီသီမာ၊ ဦးမောင်မောင်လေး၊ ဦးညီညီလေး၊ ဦးချမ်းအေးတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၈–၆–၂၀၀၄ရက်တွင် အမှတ် ၁၀၇၈၊ ဝဇီရာ ၇ လမ်း၊ (င) ရပ်ကွက်၊ မြောက်ဥက္ကလာပနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၀–၆–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးတင်ဝင်း(ခ)
## ဦးတင်ဝင်းမင်း
**(ပီပါခွဲ၊သံပြားရောင်းဝယ်ရေး)**
**အသက်(၅၅)နှစ်**

ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်နေ (ဦးအေးလှိုင်)–ဒေါ်မြနုတို့၏သားကြီး၊ သုံးခွမြို့နယ်၊ ကံမြင့်ရွာနေ (ဦးချစ်လှိုင်–ဒေါ်ငွေရင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၄၄၆၊ ဗညားဒလလမ်း၊ ဗျိုင်းကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်နေ ဒေါ်နီနီဝင်း၏ခင်ပွန်း၊ မောင်တင့်လွင်ကျော်၊ မနှင်းဝေဦးတို့၏ဖခင်၊ ဦးလှကြည်–ဒေါ်ခင်စန်းလွင်၊ ဦးအေးဝင်း–ဒေါ်ချိုချို၊ ဦးသောင်းထွန်း–ဒေါ်လှရီ၊ ဦးမောင်မောင်စိုး – မခင်သန်းဌေးတို့၏ အစ်ကိုကြီး၊ တူ တူမ ၁၂ယောက်တို့၏ ဘကြီးသည် ၈–၆–၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၆:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀–၆–၂၀၀၄ရက် (ကြာသပတေးနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ခရစ်တော်၌အိပ်ပျော်ခြင်း
## နော်မိုးနှင်းဆီ(ခ)စနိုး
**အမက(၃)၊တောင်/ဒဂုံ**
**အသက်(၉)နှစ်**

(ဦးစောလှဖေ) (လဝက၊ AD'၊ ငြိမ်း)–သူနာပြုဆရာမကြီး ဒေါ်ပယ်စီ (အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၊ ငြိမ်း)၊ ဦးစောပေါ(မြန်မာ့သစ်လုပ်ငန်း၊ တောင်ကြီး)–ဒေါ်နော်ဖောဆို၊ ဦးစောမှာခ်(မြန်မာ့သစ်လုပ်ငန်း၊ ဆွာ)–နော်ကီးကီးတို့၏မြေး၊ စောရွှေပိုင်(မြန်မာ့ပုလဲနှင့် ငါးလုပ်ငန်း) – နော်ကာလင်း(မြန်မာ့ပုလဲနှင့်ငါးလုပ်ငန်း)၊ ဦးအောင်နိုင်စိုး–နော်တင်တင်မျိုးနိုင်တို့၏တူမ၊ (စောခင်မောင်ရင်)(မြန်မာ့ပုလဲနှင့်ငါးလုပ်ငန်း၊ ငြိမ်း)–နော်အယ်မူး(လဝက၊ ဒုဦးစီးမှူး၊ ငြိမ်း)တို့၏တစ်ဦးတည်းသောသမီးသည် ၇–၆–၂၀၀၄ရက် ညနေ ၄:၁၅ နာရီတွင်ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၉–၆–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

## ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်အုန်းမေ
**အသက်(၈၉)နှစ်**

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ သိမ်ကြီးလမ်း၊ အမှတ် ၂၀နေ ရာသက်ပန်အသင်းဝင် ဦးစံမောင် (တရားရုံးချုပ်ရှေ့နေ)–ဒေါ်သွင်သွင်အေး (အသင်းအမှုဆောင်၊ စာရင်းစစ်)တို့၏မိခင်၊ပူဇော်ကန်တော့ခံ ဘုရား၊ရဟန်း၊ ကျောင်း ဒါယိကာမကြီး ဒေါ်အုန်းမေသည် ၆–၆–၂၀၀၄ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်ခဲ့ပြီး ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့။

## ဦးဘုန်းနိုင် (ကျုံပျော်)
**(တပ်မတော်–ရေ၊ငြိမ်း)**
**ကြည့်မြင်တိုင်မြို့နယ်**
**စစ်မှုထမ်းဟောင်း**
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အင်းစိန်လမ်း (အထက်)လမ်း၊ အိမ်အမှတ် ၆၇ နေ ဦးအောင်ကျော်ဝေ – ဒေါ်စိန်တင်တို့၏ သား၊ ဦးလှဖေ–ဒေါ်ကြွေတို့၏ သားသမက်၊ ဒေါ်သိန်းရီ၏ခင်ပွန်း၊ ဦးမျိုးမြင့်–ဒေါ်ရီရီနိုင်၊ ဦးသန့်ဇင်–ဒေါ်တင်တင်နိုင်၊ ဦးဝင်းနိုင်–ဒေါ်ခင်အုံးမြင့်၊ ဦးအောင်ထွဋ်–ဒေါ်မို့မို့နိုင်၊ (ဦးသောင်းနိုင်)၊ (ဦးညီညီနိုင်)၊ ဦးဝင်းကိုမောင်–ဒေါ်ထွေးပပနိုင်၊ မောင်နေမျိုးနိုင်တို့၏ဖခင်၊ မောင်မျိုးသီဟ–မသဇင်ထွန်း၊ မထက်ထက်နိုင်၊ မောင်ကောင်းမြတ်နိုင်၊ မချိုးရတနာနိုင်၊ မောင်ငြိမ်းချမ်းထက်၊ မောင်ညီညီနေနိုင်အောင်၊ မဝတ်မှုံဦး၊ မသဲထက်ထက်စံတို့၏ အဘိုးသည် ၈–၆–၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၉:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀–၆–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## ဒေါ်ခင်သိန်း (ဟင်္သာတ)
**အသက်(၇၀)**

ဟင်္သာတမြို့နေ(ဦးဘသိန်း–ဒေါ်အေးစိန်)တို့၏သမီး၊ ဦးမြ–ဒေါ်ခင်လှ၊ ဦးကျော်မြင့်–ဒေါ်ခင်မေသက်တို့၏ညီမ၊ ဦးဝင်းကြည် –(ဒေါ်သန်းသန်း)၊ ဒုတိယဗိုလ်မှူးကြီးသန်းရွှေ (ရေ–ငြိမ်း)– ဒေါ်အမာစိန်တို့၏အစ်မ၊ ရန်ကုန်မြို့၊ ၅၀၁ (E), TCC°ရိပ်သာ၊ ပြည်လမ်း၊ ကမာရွတ်နေ ဦးခင်မောင်ညွန့်(စံပြငါးဈေး)–ဒေါ်စိုးစိုးနိုင်တို့၏အဒေါ်၊ တူ တူမ ၁၅ယောက်၊ မြေး ၂၃ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၇–၆–၂၀၀၄ ရက် ည ၈ နာရီတွင် အကယ်ဒမီဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၉–၆–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## အမှားပြင်ဆင်ချက်

၈–၆–၂၀၀၄ရက် စာ–၁၉ ပါ ဒေါ်ခင်သိန်း အသက်(၇၀)၏ နာရေးကြော်ငြာတွင် ဒုတိယဗိုလ်မှူးကြီးသန်းရွှေ(ရေ–ငြိမ်း)၏ ဇနီးအစား ဒုတိယဗိုလ်မှူးကြီးသန်းရွှေ(ရေ–ငြိမ်း)– ဒေါ်အမာစိန်တို့၏အစ်မဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဦးစံကျော် (ရမ်းဗြဲ၊စကု)
**ဒေသ(၆)ဆောက်လုပ်ရေး**
**အသက်(၅၆)နှစ်**

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ စကုကျွန်း၊ ၄/သမုတ်ရွာနေ (ဦးရွှေလှိုင်–ဒေါ်စံသာ)တို့၏သားကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၂၉)ရပ်ကွက်၊ အောင်တံခွန် ၅ လမ်း၊ အမှတ် ၁၈၃ နေ ဒေါ်သိန်းခင် (သရက်ချိုရွာ၊ လေးတောင်)၏ခင်ပွန်း၊ မမြဇင်(B.Com)၊ (မောင်ရန်နိုင်ဇင်)၊ မခင်ကြူဇင်(2nd Law)တို့၏ဖခင်သည် ၇–၆–၂၀၀၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၂:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃:၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ ရေကန်ဒါယိကာမကြီး
## ဒေါ်တင်မေ (မိုးကုတ်)
**အသက်(၈၂)နှစ်**

မိုးကုတ်မြို့၊ ဂေါင်းဦးဘာရပ်နေ ဒေါ်ကြီး၊ မန္တလေးမြို့၊ အရိုးအိုးကြီးရပ်နေ ဦးအောင်ဗတို့၏အစ်မ၊ မိုးကုတ်မြို့၊ ဂေါင်းဦးဘာရပ်နေ ဦးလှခင်၏ဇနီး၊ ကိုအောင်စိုး–မကြည်ဝင်း၊ ကိုတင့်လွင်–မခင်ညို၊ ကိုခင်မောင်မြင့်–မညီမ၊ကိုဗိုလ်မြင့်သောင်း(ခ)ကိုမိုးညို–မနုတင်တို့၏မိခင်၊ မြေး၁၂ယောက်တို့၏အဘွားသည် ၇–၆–၂၀၀၄ရက် (တနင်္လာနေ့)တွင် မိုးကုတ်မြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၉–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)တွင် နေအိမ်မှ သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

## ဦးအောင်မင်း(ခ)ဦးအင်စိုး
**(တိုင်းရင်းသမားတော်၊ စစ်မှုထမ်းဟောင်း)**
**(မြိတ်မြို့)**
**အသက်(၇၂)နှစ်**

မြိတ်မြို့၊ အမှတ် ၁၄၃၊ ဗိုလ်ချုပ်လမ်း၊ ထားဝယ်စုရပ်နေ (ဦးမဲ–ဒေါ်စိန်အေး)တို့၏သား၊ (ဦးစုတင်–ဒေါ်ဖွားရှင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၁၀၉၊ ဗဟိုလမ်း(ရှမ်းလမ်း)၊ အလုံမြို့နယ်နေ (ဒေါက်တာဘလင်)–ဒေါ်အင်စိန်တို့၏တူသား၊ ဒေါ်အင်ကြူ (ဦးစိုးကြီး)–ဒေါ်သန်းကြည်၊ ဒေါက်တာအောင်သန်း(မျက်စိအထူးကု ဆရာဝန်ကြီး၊ ငြိမ်း)–ဒေါ်စတယ်လာတို့၏ ညီ/မောင်၊ ဦးမျိုးသန့်–ဒေါ်တင်ရီ၊ (ဦးထွန်းအောင်)–ဒေါ်မြကြူ၊ ဦးစံအေး–ဒေါ်အေးကြူ၊ ဒေါ်စန်းစန်းရီတို့၏အစ်ကို၊ ဒေါ်ထွေးကြည်၏ခင်ပွန်း၊ ဗိုလ်မှူးခင်ဇော်–ဒေါ်ဖြူဖြူဝင်း၊ မခင်ခင်ချို၊ မခိုင်ခိုင်ဝါ (မစု)တို့၏ဖခင်၊ မအိဇော်ဖြူ၊ မဆုဇော်ထိုက်တို့၏အဘိုး၊ တူ တူမ ၁၃ယောက်တို့၏ဦးကြီးသည် ၇–၆–၂၀၀၄ရက် (တနင်္လာနေ့)နံနက် ၆နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၁–၆–၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။[အမှတ် ၁၀၉၊ ဗဟိုလမ်း(ရှမ်းလမ်း)နေအိမ်နှင့် မြိတ်အသင်းမှကားများ မွန်းလွဲ ၁၁:၃၀ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

## ဒေါက်တာဦးညွန့်ဝေ
**ကထိက၊အရိုးအထူးကု ဆရာဝန်ကြီး(ငြိမ်း)**
**(မြစ်ကြီးနား)**
**အသက်(၆၈)နှစ်**

မြစ်ကြီးနားမြို့နေ (ဦးခန်း–ဒေါ်တင်)တို့၏သား၊ ရန်ကုန်မြို့နေ ဦးခင်မောင်လွင်–ဒေါ်အမာရီတို့၏ သားသမက်၊ ရန်ကုန်မြို့ အမှတ် ၈၈၊ ၄ဝါ ၂ လမ်း၊ အေးရိပ်မွန်အိမ်ရာ၊ လှိုင်မြို့နယ်နေ ဒေါ်သီတာလွင်၏ခင်ပွန်း၊ ဦးကေအောင်စိုး–ဒေါ်သိန်းသိန်းစိုး၊ ဦးခင်မောင်မြင့်–ဒေါ်ခင်မာဝေ၊ ဦးသူရ–ဒေါ်ခင်မာဆွေ၊ ဦးအောင်အောင်–ဒေါ်ဆောင်ဝမ်၊ ဦးမြင့်အောင်–ဒေါ်ခိုင်မာလွင်၊ (ဦးဇော်ဝင်း)–ဒေါ်ဥမ္မာလွင်၊ ဦးမျိုးဇော်ထွန်း–ဒေါ်ကေသီလွင်၊ ဦးကျော်ကျော်လွင်–ဒေါ်ရွှေရွှေသန်း၊ ဦးညီညီလွင်–ဒေါ်မွန်မွန်ချိုတို့၏အစ်ကိုကြီး၊ ကိုကျော်ဖြိုးဝေ (Final Part-2, M.B.,B.S.° IM-1)–မခိုင်နှင်းလွင်၊ မအိမ့်သရဖသူတို့၏ဖခင်၊ မရွှန်းလဲ့ယုယဝေ(ခ)မယုကီ၏ဘိုးဘိုး၊ တူ တူမ ၁၅ ယောက်တို့၏ဦးလေးသည် ၇–၆–၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၇:၄၅ နာရီတွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး အထူးကြပ်မတ်ကုသခန်း၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ရန်ကုန်ဆေးတက္ကသိုလ်(၁) ခန္ဓာဗေဒဌာနသို့ လှူဒါန်းပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၃–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည် ဖြစ်ပါ၍ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊ ၄ဝါ ၂ လမ်း၊ အမှတ် ၈၈ သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

## ဦးသာထူး (စစ်တွေ)
**(လူဝင်မှုကြီးကြပ်ရေးမှူး၊ ငြိမ်း)**
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် ၁၆၊ ရွှေတောင်တန်းလမ်းနေ (ဦးရွှေပွင့်–ဒေါ်နှင်းဖြူ)တို့၏သား၊(ဦးမြသာ–ဒေါ်အောင်မေ)တို့၏သားသမက်၊ ဒေါ်ရင်နု၏ခင်ပွန်း၊ ဒေါက်တာလှဦး–ဒေါ်သူဇာ၊ ဦးထွန်းအေးအောင်–ဒေါ်ဦးလှမေ၊ ဦးထွန်းရွှေအောင်–ဒေါ်ရှုမင်း၊ ဒေါ်မသာနု၊ ဒေါ်မခင်နုတို့၏အစ်ကို/မောင်၊ ဦးဇော်ထူးဦး(မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ဌာနချုပ်) – ဒေါ်သင်းမာစန်း(အမှတ်–၂၊ သတ္တုတွင်း)၊ ဦးအောင်ထူး–ဒေါ်ခင်လှသိန်း၊ ဒေါ်အေးအေးထူး–ဦးဇော်တိုးဦး၊ ဦးသိန်းထူး(စီမံကိန်းမန်နေဂျာ၊ ဒဂုံအရှေ့စက်မှုမြို့၊ မြို့ရွာ/အိုးအိမ်) – ဒေါ်နီလာညွန့် (မြို့ရွာ/အိုးအိမ်)၊ ဒေါ်ခင်မြင့်ထူး(Everbright Co., Ltd.)–ဦးပိုးစိုင်းဝှက်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၇–၆–၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁–၆–၂၀၀၄ရက်(သောကြာနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၁၆၊ ရွှေတောင်တန်းလမ်းနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးဆန်နီ (စက်ပြင်ဆရာ)
**အသက်(၇၀)**

ရန်ကုန်မြို့၊ အနောက်ရွှေဂုံတိုင်၊ အုတ်လမ်းနေ (ဦးချာလီ–ဒေါ်အုန်းခင်)တို့၏သားကြီး၊ (ဦးထွန်းစိန်)–ဒေါ်စန်းရီ၊ ဦးအုန်းရွှေ–ဒေါ်ခင်မာကြူ၊ ဦးမျိုးမြင့်–(ဒေါ်ခင်ကြူကြူ)၊ ဦးမြင့်လွင်–ဒေါ်သန်းသန်း၊ ဦးဆွေဝင်း–(ဒေါ်အမာလေး)၊ ဦးအောင်ဆင့်–မငယ်တို့၏ အစ်ကို/မောင်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ၁၄/၇/၉၁၇ နေ ဒေါ်သောင်းသောင်း – ဒေါ်အုန်းကြည်တို့၏ခင်ပွန်း၊ ကိုညီညီ– မမြင့်မြင့်အေး၊ မတင်တင်ဝင်း၊ ကိုထွန်းလွင်၊ ကိုထွန်းဝင်း၊ ကိုဟန်ဝင်း–မမာလာ၊ ကိုစောသာရင်–မစုစုဝင်း၊ မောင်သက်ထွန်း၊ မသင်းသင်း(ငွေစာရင်းရုံး၊ကာကွယ်ရေးဝန်ကြီးဌာန)၊ မစန်းစန်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၅–၆–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၉–၆–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်းဒါယကာ
## ဦးကျော်လွင်
**အသက်(၆၃)နှစ်**

(ဦးသိန်းမောင်–ဒေါ်ခင်တင့်)တို့၏သား၊ (ဦးဒါန)–ဒေါ်တင်ရွှေတို့၏ သားသမက်၊ ဒေါ်ညွန့်ကြည်၏မောင်၊ ဦးရဲကျော်၊ ဦးတင်သိန်း–(ဒေါ်ကြည်ကြည်သိန်း)၊ ဦးအောင်ကျော်စိုး–ဒေါ်တင်တင်ဌေး၊ ဦးစိုးနိုင်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာအိမ်ရာ၊ တိုက်အမှတ် ၂/၅၁၀ နေ ဒေါ်ခင်စောဦး၏ခင်ပွန်း၊ ကိုအောင်ကျော်ဦး–မခင်သန္တာထွန်း၊ ကိုအောင်လွင်ဦး–မတိုးသုန်အောင်၊ ကိုကျော်ဇင်ဦး–မနီနီဝင်း၊ ကိုသက်လွင်ဦးတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၇–၆–၂၀၀၄ ရက် မွန်းလွဲ ၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉–၆–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉:၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးအေးရွှေ
**အသက်(၄၄)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ဗျိုင်းရေအိုးစင်လမ်း၊ အမှတ် ၂၁ (ရှစ်လွှာ)နှင့် ဒေါ်လေကျိန်း (လမ်းမတော်သံဈေး၊ ဆိုင်အမှတ် ၁၂၆)၏ခင်ပွန်းသည် ၇–၆–၂၀၀၄ရက် မွန်းလွဲ ၁၂:၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၉–၆–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဇွန် ၇ ရက်က ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမ ခန်းမ၌ ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့် မြို့နယ်များသို့ ဒုတိယအကြိမ် အလှူငွေနှင့်ပစ္စည်းများလှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုကြီး၏တစ်နေရာတွင် အကြောင်းကိစ္စပေါ်လျှင် ကျန်ဒေသများကဝိုင်းဝန်းပံ့ပိုးခဲ့ တိုင်းရင်းသားအချင်းချင်း ကူညီဖြည့်ဆည်းမည်ဆိုသည့် ပြည်ထောင်စုစိတ်ဓာတ်ဖြစ် စေတနာထက်ထက်သန်သန် လှူဒါန်းကြသူများအား နိုင်ငံတော်ကိုယ်စားကျေးဇူးတင်

**အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ၏ (၄/၂၀၀၄)ကြိမ်မြောက် အစည်းအဝေးတွင် သဘာပတိ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)**

**ရန်ကုန် ဇွန် ၈**

ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့်မြို့နယ်များသို့ ဒုတိယအကြိမ် အလှူငွေနှင့်ပစ္စည်းများလှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၇ ရက် မွန်းလွဲပိုင်းတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ■

# အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီစည်းဝေး အစုအဖွဲ့အလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုဆွေးနွေး

**ရန်ကုန် ဇွန် ၈**

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ၏(၄/၂၀၀၄)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွှန့်နှင့် တွဲဖက်အတွင်းရေးမှူးများနှင့် လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ●

## လက်တွဲဝန်းရံ အမျိုးသားညီလာခံ

## မြန်မာနိုင်ငံတောင်ပိုင်း၌ နေရာကွက်၍မိုးကြီးနိုင်

ရန်ကုန် ဇွန် ၈

**ယနေ့နံနက် ၉ နာရီခွဲ အချိန်ထိ မိုးလေဝသတိုင်းထွာချက်များ အရ လွန်ခဲ့သော ၂၄ နာရီ အတွင်းက မကွေးတိုင်းတွင် တိမ်အသင့် အတင့်ဖြစ်ထွန်းခဲ့ပြီး ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင်**

*စာမျက်နှာ ၁၁ ကော်လံ ၁* ❒

## ကမ္ဘာတစ်လွှား ထူးထူးခြားခြား

### နေကို သောကြာဂြိုဟ် (ဗီးနပ်စ်) ဖြတ်



ရာစုနှစ်အတွင်း နေကို သောကြာဂြိုဟ် (ဗီးနပ်စ်) ဖြတ်သွားပုံကို မြင်တွေ့ရန် ပထမဆုံး အကြိမ် အခွင့်အလမ်း ရရှိခဲ့ရာ အီဂျစ်နိုင်ငံရှိ သမိုင်းဝင် ဂီဇာပိရမစ် ဒေသ၌ အီဂျစ်လူမျိုးများနှင့် ကမ္ဘာလှည့်ခရီးသည်များသည် နက်မှောင်သောမျက်မှန်များတပ်လျက် ဇွန် ၈ ရက် (အင်္ဂါနေ့)က ဤသို့ကြည့်ရှုခဲ့ကြသည်။ **(ယာအောက်ပုံ)**နှင့် နေ၏ရှေ့မှ သောကြာဂြိုဟ် (ဗီးနပ်စ်) ဖြတ်သွားစဉ် ဆစ်ဒနီမြို့ မြောက်ဘက် ၃၂ မိုင်အကွာ မောင့်ဝှိုက်မှနေ၍ မြင်တွေ့ရပုံ **(ယာအပေါ်ပုံ)** ယင်းကဲ့သို့ နေအား သောကြာဂြိုဟ် (ဗီးနပ်စ်) ဖြတ်သွားသည့် အဖြစ်အပျက်သည် ၁၈၈၂ခုနှစ် ဒီဇင်ဘာ ၉ ရက်က ဖြစ်ပေါ်ခဲ့ဖူးသည်။

**(ဓာတ်ပုံ-အင်တာနက်)**

Euro 2004 PORTUGAL

**ကိုထွေး စုစည်းတင်ပြသည်**

## ယူရို ၂၀၀၄ ပွဲကြိုတင်ဆက်မှု

# လက်ရှိချန်ပီယံ ပြင်သစ်ဗိုလ်စွဲနိုင်သည်ဟု ရေပန်းစား ပြိုင်ပွဲဝင်အသင်းများ အပြီးသတ်လူစာရင်းထုတ်ပြန်

**ရန်ကုန် ဇွန် ၈**

၂၀၀၄ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲ(EURO -2004)ကျင်းပရန် သုံးရက်သာ လိုတော့သည့်အချိန်တွင် ပြိုင်ပွဲဝင်အသင်း ၁၆ သင်း၏အပြီးသတ်လူစာရင်းများ ထုတ်ပြန်ကြေညာပြီးဖြစ်သည်။ ပြိုင်ပွဲအကြို ချစ်ကြည်ရေးခြေစမ်းပွဲများ ဇွန် ၆ ရက်က ပြီးဆုံးသွားပြီဖြစ်ရာ ပြိုင်ပွဲကျင်းပမည့် ပေါ်တူဂီနိုင်ငံသို့

*စာမျက်နှာ ၁၂ ကော်လံ ၁* ✻